ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့၊ (2-3-2004) (၄၁၆၃)

ပဏ္ဍိတာနဉ္စ သေဝနာ
တော် မင်္ဂလ မုတ္တမံ။

ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလို

မိမိတို့ တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည် ဝေးသည်မဟုတ်၊ ဆူကြဲနိမ့်မြင့်မရွေး အားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလိုသည့် စေတနာဖြင့် လုပ်ဆောင်ပေးနေ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စိုက်ပျိုးရေ တိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှ ကြိုးဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့ သီးနှံစိုက်ဧရိယာ တိုးပွားများပြားလာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအား ၁၅၀ ရာခိုင်နှုန်းထိ တိုးတက် နိုင်ငံတော်၏ အဓိကသီးနှံ စပါးကို ယခုနှစ်မှစ၍ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပြုထားပြီးဖြစ်

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး တောင်သူလယ်သမားကြီးများက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ တိုင်းရင်းသားပြည်သူများနှင့် လက်တွဲကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော
၂၀၀၄ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် "တောင်သူလယ်သမားနေ့" ဖြစ်ပါသည်။ ဤမင်္ဂလာရက်မြတ် အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြ လျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အမျိုးသား စီးပွားရေးဘဝ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာအောင် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပထဝီဝင်အနေအထား၊ ရာသီဥတု အခြေအနေနှင့် လူ့စွမ်းအား အရင်းအမြစ်များ တည်ရှိမှုအရ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး စက်မှုကဏ္ဍ၊ သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများအားလုံး ဘက်စုံတိုးတက်ဖြစ်ထွန်းလာရေးအတွက် ကာလတို စီးပွားရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက် ရှိပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀



လေညာ–မဏ္ဍိုင်တံတား ကြည့်ရှု

ဖေဖော်ဝါရီ ၂၇ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ လေညာ–မဏ္ဍိုင်တံတားကို ကြည့်ရှုကြစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

၂၀၀၄ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ
The Mirror

၂-၃-၂၀၀၄
(အင်္ဂါနေ့)

ဒေသတွင်း ဖူလုံမှုရှိရေးကြိုးပမ်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် စီးပွားရေး အခြေခံများ ဖြစ်ထွန်းလာစေရန် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအလိုက် ဖြန့်ကြက်မှီတင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေးတို့အတွက် လိုအပ်ချက်များကို အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်နေ့များက တနင်္သာရီတိုင်း ခရိုင်စဉ်အတွင်း ကော့သောင်းမြို့နှင့် ခမောက်ကြီးမြို့တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကော့သောင်းမြို့ မဋ္ဌူသကခန်းမ၌ သက်ဆိုင်ရာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် **နယ်မြေဒေသတစ်ခု၌ ဒေသတွင်းဖူလုံမှုရှိပြီး စီးပွားရေးတိုးတက်မှု အမြဲရှိနေမှသာ ယင်းဒေသသည် အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ဖွံ့ဖြိုးတိုးတက်နေမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတိုင်း ယင်းအချက်နှစ်ချက် ပြည့်စုံအောင် ကြိုးစားတည်ဆောက်ကြရမှာဖြစ်ကြောင်း** မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည့် ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ သာဓကအားဖြင့် ၁၉၆၂ ခုနှစ်ခန့်က အိမ်ခြေသုံးလေးရာခန့်သာရှိခဲ့သော ကော့သောင်းမြို့သည် ယခုအခါ ခရိုင်အဆင့်သို့ ပြောင်းလဲတိုးတက်လျက်ရှိသည်။ ခရိုင်မြို့ကြီးနှင့် ဆီလျော်ညီညွတ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများကို ဖြည့်ဆည်းထူထောင် အားပေးမှုများနှင့်အညီ ဖွံ့ဖြိုးစည်ပင်လာလျက်ရှိနေပြီဖြစ်သည်။

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာတွင် အခြေခံအားဖြင့် စားဝတ်နေရေးအတွက် အခြားဒေသများကို မှီခိုအားထားမနေရဘဲ မိမိတို့ဒေသတွင်း ဖူလုံမှုရှိရန်နှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်အားထုတ်ကြရမည်ဖြစ်သည်။

ကော့သောင်းခရိုင်အတွင်း ရေသယံဇာတ၊ မြေသယံဇာတများ ကြွယ်ဝလျက်ရှိသည်ဖြစ်ရာ စိုက်ပျိုးရေးနှင့် အခြား စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

ယခုခေတ်အချိန်အခါသည် သဲကန္တာရများကိုပင် ပြုပြင်ပြောင်းလဲ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းစေရန် ဆောင်ရွက်နိုင်သည့် အချိန်ဖြစ်ရာ ကော့သောင်းခရိုင်၌ စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးများ ပြောင်းလဲ၍ စိုက်ပျိုးခြင်းတို့ဖြင့် ဒေသဆန်ဖူလုံရေး အလေးထားစိုက်ပျိုးသင့်ပေသည်။ ထို့အပြင် မီးဖိုဆောင်သုံးသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ ဒေသ၏ ရေမြေရာသီဥတု အခြေအနေနှင့် ကိုက်ညီသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများကို အားသွန်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်မြင့်မားလာကာ ဒေသတွင်း စားသုံးမှုဖူလုံပြီး အခြားဒေသများအပေါ် မှီခိုအားထားနေရသည့် အစဉ်အလာဟောင်းများကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်ပေသည်။

အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိ အသုံးပြုကြရမည်ဖြစ်သည်။ ငါး၊ ပုစွန်ထုတ်လုပ်သည့်လုပ်ငန်း၊ ဆီအုန်း၊ ရော်ဘာအပါအဝင် နှစ်ရှည်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ အားထုတ်ကြိုးပမ်းမှု၊ ပြုပြင်ဖန်တီး ဆောင်ရွက်မှု စွမ်းအားများဖြင့် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရေး ထိရောက်စွာ ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသတိုင်း အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများက ဒေသတွင်းဖူလုံမှုရှိပြီး စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရှိနေစေရေး လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင် ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ မြို့မကွင်း၌ စစ်ကြောင်းကြီးများ (တပ်မဲ့) လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများ တပ်မဲ့စစ်ရေးပြစတင်လေ့ကျင့်

ရန်ကုန် မတ် ၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၉ နာရီအထိ မြို့မကွင်း၌ တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို စတင်လေ့ကျင့်ကြသည်။

စစ်ရေးပြလေ့ကျင့်

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော် ဦးဆောင်သည့်အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့်အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်မဲ့ဖြင့် စစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ လာရောက်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ရင်ပြင်၌ ကျန်စစ်သားစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့၏ စစ်ရေးပြလေ့ကျင့်မှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

တပ်မတော်နေ့ စစ်ချီစစ်ရေးတေး ပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော စစ်ချီစစ်ရေးတေး ပြိုင်ပွဲများမှ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်သည်။

စစ်ချီတေးပြိုင်ပွဲ

စစ်ချီတေးပြိုင်ပွဲတွင် သဃ်န်းကျွန်းမြို့နယ်မှ စောရန်ကျော်၏ "ပြည့်အင်အား သားကောင်းသားမြတ် တို့တပ်မတော်"က ပထမ၊ အင်းစိန်မြို့နယ်မှ လင်းကျော်၏ "စိတ်ဓာတ်မြင့်မားသားကောင်းများ"က ဒုတိယ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ နေမွန်ရွှေဝင်း၏ "နိုင်ငံတော်အကျိုး ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်နေတဲ့ တပ်မတော်"က တတိယ၊ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်မှ သန်းထွဋ်၏ "ကမ္ဘာပြိုင်စံမပေါ်သည့် မြန်မာနိုင်ငံတော်၏ တပ်မတော်"နှင့် တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်မှ ရဲဘော်မြင့်လွင်၏ "ဂန္ထဝင်စံတင် တို့တပ်မတော်"တို့က အထူးဆုများ အသီးသီးရရှိကြသည်။

စစ်ရေးတေးပြိုင်ပွဲ

စစ်ရေးတေး အဆင့် (၁) ပြိုင်ပွဲတွင် လှိုင်မြို့နယ်မှ တက္ကသိုလ်မောင်ငွေအောင်၏ "ပြည်သူ့လက်ရုံး ပြည်သူ့နှလုံးကို"က ပထမ၊ မြောက်ဥက္ကလာပမြို့နယ်မှ မောင်သက်အေး(ဂီတကဗျာ)၏ "ရွှေဇမ္ဗူရာဇ် မြအနှစ်ခေတ်သစ်ဆီသို့"က ဒုတိယ၊ လက်ပံတန်းမြို့နယ်မှ လက်ပံတန်းအေးသန်း၏ "ဂုဏ်ယူပါသည် အောင်စစ်သည်"က တတိယ၊ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်မှ ရဲဘော်မြင့်လွင်၏ "နှိုင်းတုလို့မမီ တပ်မတော်ဂုဏ်ရည်"နှင့် တောင်ဥက္ကလာပမြို့နယ်မှ စိုးထွဋ်ခိုင်၏ "မြန်မာ့အောင်ပွဲ"တို့က အထူးဆုများ အသီးသီးရရှိကြသည်။

စစ်ရေးတေး အဆင့် (၂) ပြိုင်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဆုရွက်ဝေ၏ "မိုးလုံးဟိန်းလို့ အားသစ်ဝေ"က ပထမ၊ ပုသိမ်မြို့မှ ဖြိုးသဉ္ဇာခင်၏ "တပ်မတော်စွမ်းအားပြည်ထွန်းကား"က ဒုတိယ၊ ပုသိမ်မြို့မှ မြတ်သူဟန်၏ "တပ်မတော်မော်ကွန်းသစ်"က တတိယ၊ တာမွေမြို့နယ်မှ ထွန်းထွန်းမင်း၏ "ဂုဏ်ယူပါတယ်"နှင့် မြဝတီရုပ်မြင်သံကြားမှ အိရွှေစင်မင်း၏ "မောင်လေးစစ်သည်တော်"တို့က အထူးဆုများ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် ၂၀၀၄ခုနှစ် မတ် ၂၇ရက် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်သည်။ ဆုရရှိသူများ အားလုံးသည် ရုပ်မြင်သံကြား ရိုက်ကူးနိုင်ရန်အတွက် စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေးထံ အမြန်ဆုံး လာရောက်သတင်းပို့ရန်ဖြစ်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ကြီးမှူး၍ ၂၀၀၄ ခုနှစ် မတ် ၈ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနား ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ် (၆၄)ရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းက အခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ခေါင်းဆောင်များက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြကာ ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ချစ်ဆွေမောင်၏ ဝတ္ထုကို မဆွေ ဇာတ်ညွှန်းရေးသားစီစဉ်ထုတ်လွှင့်မည့် "အိပ်မက်ထဲက မျက်ရည်" ဇာတ်လမ်းကို မတ် ၁၁ ရက် (ကြာသပတေးနေ့) ည ၇နာရီ ၁၅မိနစ်နှင့် မတ် ၁၂ရက် (သောကြာနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ထုတ်လွှင့်မည်ဖြစ်ပြီး စာရေးဆရာ ချစ်ကြည်မောင်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြသည်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှု ကဏ္ဍကြီးဖြစ်သည့်အလျောက် ယင်းကဏ္ဍထုတ်လုပ်မှု တိုးတက်အောင်မြင်ရေးကို အစဉ်တစိုက် အလေးပေးဆောင်ရွက်လျက် ရှိသည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ရေထိန်းတံခါးများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

၁၉၈၈ ခုနှစ်မှ ယခုအချိန်အထိ ဆည်မြောင်းတာတမံ ၁၅၇ ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၆၈၈၈၁ ကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး လယ်ယာမြေဧက ၂ ဒသမ ၁၅ သန်းခန့်ကို အကျိုးပြုလျက်ရှိပါသည်။ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများ ဖြည့်စွက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နိုင်ငံအနှံ့ တစ်ကွင်းတစ်စပ်တည်း မြစ်ရေတင်လုပ်ငန်းပေါင်း ၂၆၅ ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက သုံးသိန်းခန့် တိုးမြှင့်အကျိုးပြုလျက် ရှိပါသည်။

ယင်းသို့ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေ တိုးတက်ရရှိရေးကို ဘက်ပေါင်းစုံမှ ကြံဆ၍ နိုင်ငံနှင့်အဝန်း စီမံဆောင်ရွက်ပေးခဲ့သဖြင့်လည်းကောင်း၊ ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို နည်းမျိုးစုံဖြင့် ဖော်ထုတ်စိုက်ပျိုးစေခြင်းကြောင့်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ် လယ်ယာများအဖြစ် ပြောင်းလဲဆောင်ရွက်သည့် ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့်လည်းကောင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းကြောင့်လည်းကောင်း သီးနှံစိုက်ပျိုးသည့် ဧရိယာများ တိုးပွားများပြားလာခြင်းနှင့်အတူ သီးနှံစိုက်စွမ်းအားမှာလည်း ၁၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာမှုကြောင့် စုစုပေါင်း စိုက်ဧက ၃၉ ဒသမ ၉ သန်းအထိ ရှိခဲ့ပြီဖြစ်ပါသည်။

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝ အသုံးချထုတ်လုပ်နိုင်ရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲလုပ်ကိုင်သည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများကို အရှိန်အဟုန်ဖြင့် တိုးတက်ထုတ်လုပ်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လာရပါသည်။

နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော စပါးကို တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွားအလို့ငှာ လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြုစေရန်လည်းကောင်း ယခုနှစ်မှစ၍ နိုင်ငံတော်အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပြုထားပြီးဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများ အပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်နေသော ပြည်သူများ၏ လိုလားချက်နှင့်အညီ တောင်သူလယ်သမားကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏စွမ်းအားကို မြှင့်တင်ဖော်ဆောင်ပေးသည့်အနေဖြင့် ယခုကဲ့သို့ ဆန်စပါးရောင်းဝယ်ရေး မူဝါဒသစ်ကို ချမှတ်ကျင့်သုံးလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရနေဖြင့် တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးအတွက် စိုက်ပျိုးမြေများတိုးချဲ့ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ သီးနှံအထွက်တိုးရန် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးများ ပံ့ပိုးပေးကာ စက်ကိရိယာ သုံးစွဲစိုက်ပျိုးနည်းစနစ်ဖြင့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတို့ကို ဆက်လက်၍ အထူးအလေးထား ဆောင်ရွက်ပေးရန် စီမံထားပြီးလည်းဖြစ်ပါသည်။

တောင်သူလယ်သမားကြီးများအနေဖြင့်လည်း နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး တိုးတက်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးနေသည့် အခြေအနေအချိန်အခါကောင်းကို ရယူအသုံးချပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒ အပေါ်တွင် မြဲမြံစွာ ရပ်တည်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့ ခိုင်မာအောင် တည်ဆောက်လျက်ရှိပါသည်။

ရှေ့ဆက်လက်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်နိုင်ရေးကို ဦးတည်ပြီး ကမ္ဘာ့နိုင်ငံအများအပြားနှင့် တိုင်းရင်းသားပြည်သူများက လှိုက်လှဲစွာ ကြိုဆိုလျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို စတင်အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်ပါသည်။

အဆိုပါ မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရာတွင် တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများက တက်ကြွစွာ ပါဝင်ကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းထမ်းဆောင်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

အလားတူစွာပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါဖြင့် အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးတို့ကို တောင်သူလယ်သမားကြီးများ အားလုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ တိုင်းရင်းသား ပြည်သူအပေါင်းတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် နိုင်ငံခြားဧည့်သည်များ ရှမ်းပြည်နယ်၌ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာ

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေကြသည့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ Tuesday Club မှ အဖွဲ့ဝင်များ၊ ဩစတြေးလျနိုင်ငံမှ Prof. Helen James နှင့် အမေရိကန်၊ ဂျပန်၊ တရုတ်၊ ဆွစ်ဇာလန်၊ စင်ကာပူနိုင်ငံတို့မှ ဖိတ်ကြားထားသည့် ဧည့်သည်များပါဝင်သည့် ၃၈ ဦးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးလှမင်းဦးဆောင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)ရှိ မိုင်းကာ၊ မိုင်းပေါက်၊ မိုင်းဖျန်ဒေသများနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ ဝမ်ဟုန်၊ ယောင်ခ၊ ပါလျှိုး–ကျိုင်းလတ်နှင့် တာချီလိတ်ဒေသများသို့ ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် စတင်သွားရောက်လေ့လာခဲ့ပြီး ဖေဖော်ဝါရီ ၂၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လေ့လာ

ခရီးစဉ်အတွင်း လေ့လာရေးအဖွဲ့သည် ယင်းဒေသများရှိ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံကိန်းများ၊ ဒေသခံပြည်သူများအတွက် ဝင်ငွေရရှိရေးစီမံကိန်းများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ဒေသဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် UNODC မှ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့၏ ဆောင်ရွက်ချက်အသီးသီးကို ရှင်းလင်းပြောကြားကာ လေ့လာရေးအဖွဲ့မှ သိလိုသည့် အချက်များကို ပြန်လည်ဖြေကြား၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)

လေ့လာ

နိုင်ငံခြားစီးပွားရေး လုပ်ငန်းရှင်များအဖွဲ့ Tuesday Club မှ အဖွဲ့ဝင်များ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Introduction to Economic (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း " အချစ်လေပြည် "(အပိုင်း–၂၂)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း " သစ္စာမဏ္ဍိုင် " (အပိုင်း–၁၆)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မူဆယ်ခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ မူဆယ်မြို့သို့ သွားရောက်၍ မူဆယ်မြို့သို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိပြီး မူဆယ်မြို့ မြို့တော်ခန်းမ၌ မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့်စပ်လျဉ်းပြီး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကားပြောကြားပြီး ကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်မိုးမိုးခိုင်က အမျိုးသမီး ငယ်ရွယ်သူများ ပြုစုပျိုးထောင်ရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမေရိကန် ကျူးကျော်စစ်ပွဲကြောင့်

အီရတ်ပြည်သူတို့၏ အနာဂတ်မျှော်မှန်းချက်များ မရေရာ

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် အီရတ်ကျူးကျော်စစ်အတွက် အခွန်ထမ်းပြည်သူလူထု၏ မြောက်မြားလှစွာသော ငွေကြေးများကို ဖြုန်းတီးခဲ့သည်ဟု ဒီမိုကရက်များက ဝေဖန်ပြောဆိုလျက်ရှိကြသည်။ ထို့အပြင် ယင်းစစ်ပွဲအပေါ် အကြောင်းပြု၍ ဥရောပမဟာမိတ်နိုင်ငံများ နှင့်လည်း သဘောကွဲလွဲမှုများ ဆိုးဆိုးရွားရွား ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်၏ ကျူးကျော်စစ်ပွဲသည် အီရတ်ပြည်သူလူထု၏ အနာဂတ်မျှော်မှန်းချက်များကိုလည်း မရေမရာဖြစ်စေခဲ့သည်။

အီရတ်နိုင်ငံ ခါဒီယာမြို့၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ပါဝင်ဆင်နွှဲနေသည့် အီရတ်ကလေးငယ်များကို စောင့်ကြည့်နေသည့် အမေရိကန်တပ်ဖွဲ့မှ သံချပ်ကာယာဉ်တစ်စီးကို တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၉ ရက်က မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်၏ အပေါင်းပါပိုလန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ရှင်းလင်းဖယ်ရှားနေသည့် အမေရိကန် တပ်ဖွဲ့ဝင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် မြင်ကွင်း

ဖေဖော်ဝါရီ ၂၉ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် ကင်းလှည့်လာသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့တွင် အီရတ်နိုင်ငံသားများ အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကာ ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆာမာဝါမြို့၏ မြောက်ဘက်ရှိ မေသာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသူ အီရတ်အရပ်သားတစ်ဦးကို ခွဲစိတ်ကုသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဖေဖော်ဝါရီ ၂၇ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်နှင့် အပေါင်းအပါ အီရတ်ရဲတစ်ဦး ၎င်းကို မမှတ်မိစေရန် မျက်နှာဖုံး စွပ်၍ လုံခြုံမှုဆောင်ရွက်နေစဉ်၊
(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂအပေါ် ဗြိတိန်နိုင်ငံက လျှို့ဝှက်ထောက်လှမ်းသည့်ကိစ္စ ဝန်ကြီးချုပ်ဘလဲ အကျပ်အတည်းနှင့် ကြုံတွေ့နေရ

လန်ဒန် ဖေဖော်ဝါရီ ၂၈

အမေရိကန်နှင့် ဗြိတိန်တို့သည် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် ကလိမ်ကျ ညစ်ပတ်ပြီး သူလျှိုလုပ်ခဲ့သည်ဆိုသော ပြဿနာသည် ပို၍နက်ရှိုင်းလာသည်။ တစ်ချိန်တည်းလိုမှာပင် ကုလသမဂ္ဂ၏ လက်နက်စစ်ဆေးရေးမှူးဟောင်းများအပေါ် လျှို့ဝှက်ထောက်လှမ်းခဲ့ကြောင်း သတင်းများလည်း ထွက်ပေါ်နေ၍ ဗြိတိန်အစိုးရသည် အကျပ်အတည်းနှင့် ကြုံတွေ့နေရသည်။

ကုလသမဂ္ဂ စစ်ဆေးရေးမှူး နှစ်ဦးဖြစ်သော ဟန်းဘလစ်နှင့် ရစ်ချက်ဘတ္တလာတို့၏ တယ်လီဖုန်းများတွင် ထောက်လှမ်းရေးပစ္စည်းများ တပ်ဆင်ပြီး ခိုးယူနားထောင်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ခြင်းမှာ ဆက်ဒမ်၏ ဖျက်အားပြင်း လက်နက်များနှင့် ပတ်သက်၍ သိလိုသောကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အမေရိကန်တို့က အီရတ်ကျူးကျော်စစ်နှင့် ပတ်သက်၍ ပြင်ဆင်နေချိန်တွင် ထိုထောက်လှမ်းမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အခံရခက်

တယ်လီဖုန်းခိုးနားထောင်ပြီး သူလျှိုလုပ်သော ကိစ္စမျိုးမှာ နှစ်ဖက်ရန်သူအကြားတွင် ဖြစ်ပွားတတ်သော ကိစ္စမျိုးဖြစ်သည်။ သို့ရာတွင် ယခုအခါ ကိုယ်နှင့်ပူးပေါင်းနေသူက ကိုယ့်ကို ပြန်သူလျှိုလုပ်နေကြောင်းသိရ၍ အခံရခက်လှပါသည်ဟု ဒေါက်တာဘလစ်က ပြောကြားသည်။

ဗြိတိန်ဝန်ကြီးဟောင်း ကလဲယားရှော့ကလည်း ဗြိတိသျှထောက်လှမ်းရေးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ တယ်လီဖုန်းကို ကြားဖြတ်နားထောင်ခဲ့ကြောင်း စွပ်စွဲလိုက်သည်။

ယခုအခါ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကို ပြည်တွင်းနှင့် ပြည်ပမှပါ ဖိအားပေး တောင်းဆိုနေကြသည်။ ၎င်းတို့က ဝန်ကြီးချုပ်အနေဖြင့် ကလဲယားရှော့၏ ပြောကြားချက်များ ဟုတ်မှန်လျှင်ဟုတ်မှန်ကြောင်း အတည်ပြုရန်နှင့် မဟုတ်လျှင် မဟုတ်ကြောင်း ငြင်းဆန်ရန် တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

ပြီးခဲ့သော ကြာသပတေးနေ့တွင် ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး အီမာဂျုန်းပါရီက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အာနန်ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့သည်။ ဗြိတိန်သံအမတ်ကြီးက တယ်လီဖုန်းမှ တစ်ဆင့် ပြောကြားရာ၌ သူလျှိုလုပ်သည့် ကိစ္စအကြောင်း လေသံပင် မဟခဲ့သော်လည်း စကားများတွင် တောင်းပန်သည့် သဘောမျိုး အပြောအဆိုများ ပါဝင်နေသည်ဟုဆိုသည်။ သံအမတ်ကြီး၏ ပြောကြားချက်များသည် ဗြိတိန်ဝန်ကြီးချုပ်၏ လေသံနှင့် အခြေခံအားဖြင့် တစ်သဘောတည်းပင်ဖြစ်သည်။ မိမိတို့ အားလုံးသည် ခြောက်ပြစ်ကင်း သဲလဲစင်များ မဟုတ်ကြသည်ကို သိပါသည်။ သို့ရာတွင် ဗြိတိန်အစိုးရက ကုလသမဂ္ဂကို သူလျှိုလုပ်ခဲ့သည်ဆိုသော ကိစ္စကို ကြားရသည်မှာ စိတ်တုန်လှုပ်ဖွယ်ရာ ကောင်းလှပါသည်ဟု အက်ဒဝပ်မော်ကိုင်မာက ပြောကြားသွားသည်။ ၎င်းသည် ကုလအတွင်းရေးမှူးချုပ်၏ ဆက်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သည်။

လစ်ဘရယ်ဒီမိုကရက်ပါတီမှအမတ်ချားလ်စ်ကနေဒီက အထက်ပါ စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ဗြိတိသျှဝန်ကြီးချုပ်သည် လွှတ်တော်အမတ်များကို ရှင်းလင်းတင်ပြသင့်ကြောင်း ပြောဆိုသည်။ လာမည့် သီတင်းပတ်တွင် အစည်းအဝေး ကျင်းပသောအခါ ကနေဒီက ဝန်ကြီးချုပ်ကို သူလျှိုလုပ်ခဲ့သော ကိစ္စမျိုးရှိခဲ့ခြင်း ရှိ၊မရှိ သိရှိနိုင်ရန် မေးမြန်းတောင်းဆိုမည်ဖြစ်သည်။

ထိုစွပ်စွဲချက်များသည် အရေးကြီးသော ကိစ္စများဖြစ်သည့်အလျောက် အဖြေမပေးဘဲနေ၍ မရသောကိစ္စဖြစ်နေပေသည်။ ဗြိတိန်သည် ကုလသမဂ္ဂကို စတင်တည်ထောင်ခဲ့သူများတွင် တစ်ဦးအပါအဝင် ဖြစ်နေပြန်သည်။ ဤသို့သော နိုင်ငံမျိုးက ကုလသမဂ္ဂအပေါ် တရားမဝင်သော လုပ်ရပ်တွင် ပါဝင်ပတ်သက်နေခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာကို လာ၍ထိခိုက်စေသည်ဟု ချားကနေဒီက ဆိုသည်။

ကုလသမဂ္ဂအပေါ် သူလျှိုလုပ်သည်ဆိုသောကိစ္စသည် ကုလသမဂ္ဂ၏ ပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ခြင်းပင်ဖြစ်ကြောင်း၊ ယခုကိစ္စသည် ကုလသမဂ္ဂအနေဖြင့် ပြဿနာ၏ အဖြေတစ်ရပ်ကို ရှာရာ၌ အနိမ့်ဆုံးအားဖြင့် လုံခြုံလျှို့ဝှက်မှု ရှိစေရမည်ဟူသော ကိစ္စကို ဖောက်ဖျက်ပြီး ပြဿနာကို ပိုမိုရှုပ်ထွေးစေနိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဘူထရော့ဘူထရော့ဂါလီက ပြောကြားခဲ့သည်။

ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဘတ္တလာကလည်း မိမိအပေါ် ထောက်လှမ်းမှုများ ပြုလုပ်နေသည်ကို သတိပြုမိကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂအဖွဲ့အပေါ် သူလျှိုလုပ်ခြင်းမှာ ငြိမ်းချမ်းရေးကြိုးပမ်းမှု လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်ကြောင်း၊ အကယ်၍ ကိုဖီအာနန်က အီရတ်ကျူးကျော်ရေးစစ်ကို ဟန့်တားရန်ကြိုးပမ်းနေချိန်တွင် ထိုကိစ္စကို ပျက်ပြားစေလိုသူများသည် ယခုသတင်းကိုရရှိသွားခဲ့လျှင်ယင်းတို့ ဘာလုပ်မည် ထင်ပါသလဲဟု ဘတ္တလာက မေးခွန်းထုတ်ခဲ့သည်။

အင်တာနက်။

အမေရိကန်နှင့်အတူတွဲ၍ အီရတ်ကျူးကျော်စစ်ဆင်နွှဲသည့်ကိစ္စ ရှင်းလင်းချက်ပေးရန် ဖိအားပေးမှုများနှင့် ဘလဲရင်ဆိုင်နေရ

လန်ဒန် ဖေဖော်ဝါရီ ၂၈

ဗြိတိသျှ စစ်ဦးစီးဗိုလ်ချုပ်များက အီရတ်စစ်ပွဲ ဆင်နွှဲရေးကိစ္စကို ငြင်းဆိုခဲ့ကြသည်။ နိုင်ငံ၏ထိပ်ပိုင်း ရှေ့နေချုပ်က ယခုစစ်ပွဲသည် တရားဝင်သော စစ်ပွဲ ဖြစ်ကြောင်းကို အာမခံချက်ပေးသောအခါမှသာ စစ်ထွက်ခဲ့ကြခြင်းဖြစ်သည်ဟု ဝန်ကြီးဟောင်း ကလဲယားရှော့က ပြောကြားသည်။

လွန်ခဲ့သောနှစ် မတ်လအတွင်း ဆင်နွှဲသော အီရတ်စစ်ပွဲ မတိုင်မီ ရက်အနည်းငယ် အလိုတွင် ဗြိတိန်ရှေ့နေချုပ် လော့ဒ်ပီတာဂိုလ်စမစ်က အစီရင်ခံစာကိုပြင်ခဲ့ရသည်။ ထိုအစီရင်ခံစာတွင် ယခုစစ်ပွဲသည် တရားမဝင်သောစစ်ပွဲ မဟုတ်ကြောင်းကို စာဖြင့်ရေးသားပြီး စစ်ဘက်မှ လက်ခံလာအောင် အာမခံခဲ့ရသည်ဟု အော့ဇာဘာသတင်းစာက သတင်းဖော်ပြခဲ့သည်။

သူလျှိုလုပ်ခဲ့

ယခုသီတင်းပတ် စောစောပိုင်းက ကလဲယားရှော့က အီရတ်စစ်ပွဲ ဆင်နွှဲနိုင်ခွင့် ရရှိရေးအတွက် ကုလသမဂ္ဂ၌ အပြင်းအထန် ဆွေးနွေးနေစဉ် ဗြိတိန်နိုင်ငံသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ လုပ်ဆောင်ချက်များကို သူလျှိုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကြောင့် အငြင်းပွားဖွယ်ရာ ပြဿနာများ ပေါ်ခဲ့သည်။

အဆင့်မြင့်ပိုင်းတွင်ဆွေးနွေးကြရာ၌ ဗြိတိန်စစ်ဘက်သည် လွှတ်တော်အမတ်များ ပြောကြားသည်ကို လက်မခံကြောင်း၊ စစ်ပွဲဆင်နွှဲရေးကိစ္စအတွက် ရှေ့နေချုပ်၏ အာမခံချက်ရမှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း တောင်းဆိုခဲ့သည်ကို သိခဲ့ရသည်ဟု ကလဲယားရှော့က ဆိုသည်။

ယခုကိစ္စတွင် ပြဿနာရှိနေသည်မှာ ရှေ့နေချုပ်သည် ဘက်လိုက်မှု ရှိ၊မရှိ ဟူသော ကိစ္စပင်ဖြစ်ကြောင်း မေးခွန်းထုတ်ခဲ့သည်။

ကလဲယားရှော့သည် ပြီးခဲ့သောနှစ် မေလက ကျူးကျော်စစ်ပွဲကို ဆန့်ကျင်ကြောင်း ကန့်ကွက်သည့် အနေဖြင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။

ယခုသီတင်းပတ် စောစောပိုင်းတွင် သူမက ဗြိတိန်ထောက်လှမ်းရေးသမားများသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ တယ်လီဖုန်းကို ခိုးနားထောင်ကာ သူလျှိုလုပ်ခဲ့သောကိစ္စများ ဖော်ပြထားသော စာရွက်စာတမ်းများကို ဗြိတိန်အထက်တန်းဝန်ကြီးများအကြား ဖြန့်ဝေပေးခဲ့သေးသည်။ ထိုလုပ်ရပ်ကြောင့် နိုင်ငံရေး အသိုင်းအဝိုင်းကြားတွင် အငြင်းပွားဖွယ်ရာကိစ္စရပ် ဖြစ်ပွားလာခဲ့သည်။

ဗြိတိန် ထောက်လှမ်းရေးဌာနမှ သတင်းများကို ဘာသာပြန်ဆိုပေးရသူ ကက်သရင်းဂန်းကို မှတ်တမ်းများ ပေါက်ကြားစေခဲ့မှုဖြင့် စွဲဆိုထားခဲ့သည်။ ထိုမှတ်တမ်းမှာ ဗြိတိန်နှင့် အမေရိကန်တို့က ကုလသမဂ္ဂအပေါ် သူလျှိုလုပ်မည့် အစီအစဉ်များ ပါဝင်သည်ဟု ယူဆရသည်။ ကက်သရင်းဂန်းအပေါ် စွဲဆိုမည့်ကိစ္စကို ပယ်ချထားလိုက်သည်။ ယင်းသို့ ပယ်ချခဲ့ပြီးနောက်ပိုင်း၌ ကလဲရှော့က သူမ သိရသည်များကို ဖွင့်ချခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ဘလဲက ကလဲယားရှော့သည် စကားများကို တာဝန်မဲ့ ပြောကြားသည်ဟု စွပ်စွဲလိုက်သည်။ အတိုက်အခံများက ကလဲရှော့၏ ပြောကြားချက်များသည် အမှန်စကားများ ဟုတ်၊မဟုတ် ရှင်းလင်းပေးရန် ဝန်ကြီးချုပ်ကို တောင်းဆိုခဲ့ကြသည်။

ဝန်ကြီးချုပ်ဘလဲသည် အမေရိကန်နှင့် အတူတွဲ၍ အီရတ်ကျူးကျော်စစ်ဆင်နွှဲသည့်ကိစ္စကို ဥပဒေအရ တရားဝင်ကြောင်း ရှင်းလင်းချက်ပေးရန် ဖိအားပေးမှုများနှင့်လည်း ရင်ဆိုင်နေရသည်။ ထိုကိစ္စကို ဗြိတိန်အစိုးရက ဖြေရှင်းချက်ပေးရန် ငြင်းဆိုကြောင်း သိရသည်။

အင်တာနက်။

ဗြိတိသျှသူလျှိုများ ကိစ္စ သတင်းဖွင့်ချသူ ကလဲရှော့အား လေဘာပါတီမှ မထုတ်သင့်ဟုဆို

လန်ဒန် ဖေဖော်ဝါရီ ၂၉

ကုလသမဂ္ဂရုံးတွင် ဗြိတိန်နိုင်ငံမှ သူလျှိုများက သတင်းခိုးယူ နားထောင်ကြောင်း ပြောကြားချက်နှင့် ပတ်သက်၍ ဝန်ကြီးဟောင်း ကလဲရှော့အား လေဘာပါတီမှ မထုတ်ပစ်သင့်ကြောင်း ဗြိတိန်အာဏာရလေဘာပါတီဥက္ကဋ္ဌ အီယန်မက်ကတ်တနေက စနေနေ့တွင် ပြောကြားလိုက်သည်။

ဗြိတိသျှအစိုးရက အီရတ်စစ်ပွဲမဖြစ်မီ စစ်ကြိုကာလအတွင်း ကုလသမဂ္ဂရုံးတွင် သူလျှိုလုပ်ငန်းများ ဆောင်ရွက်နေခဲ့ကြောင်း ပြောကြားမှုသည် မဖွယ်မရာဖြစ်စ်ပြီး ခွင့်လွှတ်နိုင်ဖွယ်မရှိကြောင်း မက်ကတ်တနေက ပြောကြားသည်။ မည်သို့ပင် ဖြစ်စေကာမူ ကလဲယားရှော့အား လေဘာပါတီမှ မထုတ်သင့်ကြောင်း ၎င်းက ဘီဘီစီသို့ ပြောကြားသည်။ မိမိအနေဖြင့် ကလဲယားရှော့အား အာဇာနည်တစ်ဦးအဖြစ် အမွမ်းတင်နေခြင်း မဟုတ်သလို ၎င်းသည် အာဇာနည် မဟုတ်ကြောင်း၊ ကလဲယားရှော့ ပြုလုပ်ခဲ့သည့်ကိစ္စအတွက် တာဝန်မရှိကြောင်း မက်ကတ်တနေက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လုံခြုံရေးဆောင်ရွက်

ဖေဖော်ဝါရီ၂၇ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် လုံခြုံရေးဆောင်ရွက်နေသည့် သံချပ်ကာယာဉ်တစ်စီးပေါ်မှ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့ အတုလာဓိပတိ မဟာမုနိရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

☆ **ကျောက်ဖြူမှ**

ကျောက်ထနောင်းတပ်နယ်သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။ ထို့နောက် တပ်နယ်ခန်းမ၌ ကျောက်ထနောင်းတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လိုအပ်သည်များကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား နှုတ်ဆက်အားပေးသည်။

ကရသူရိမြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးတင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် ကရသူရိမြို့ ဧည့်ရိပ်သာ၌ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ကရသူရိမြို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဒေသခံများအား နှုတ်ဆက်သည်။

ဘုတ်ပြင်းမြို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့သို့ ရောက်ရှိကြရာ ဘုတ်ပြင်းတပ်နယ်မှ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးခင်မောင်ချို၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ဘုတ်ပြင်းမြို့ ရာဇာမုနိဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ကြည်ညိုကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတုလာဓိပတိ မဟာမုနိရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်သို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖေဖော်ဝါရီ ၂၇ရက် နံနက် ၈နာရီတွင် ဆက်လက် ခရီးမထွက်ခွာမီ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးသည်။

တွေ့ဆုံမှာကြား

နံနက် ၇နာရီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးတို့သည် တပ်မတော်အရာရှိကြီးများနှင့်အတူ ဘုတ်ပြင်းတပ်နယ် အစည်းအဝေးခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့သွားရောက်ကြပြီး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာ၌ ဘုတ်ပြင်းဒေသသည် ဇဟိုနှင့် အလှမ်းကွာဝေးသောဒေသ၊ သွားရေးလာရေးခက်ခဲသည့်ဒေသ၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသည့်ဒေသ ဖြစ်သည့်အတွက် ဘုတ်ပြင်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မိမိတို့ အလေးထား ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအခါ ဘုတ်ပြင်းမြို့သည် ယခင်အခြေအနေများနှင့် မတူတော့ဘဲ မြို့အင်္ဂါရပ်များနှင့် ညီညွတ်သည့် မြို့အဖြစ် ပြောင်းလဲဖြစ်ပေါ်လာပြီဖြစ်ကြောင်း၊ ဘုတ်ပြင်းဒေသ တိုးတက်ရေးအတွက် ကားလမ်းအပြင် ရေယာဉ်ခရီးနှင့် လေယာဉ်ခရီးများ အဆင်ပြေအောင် နိုင်ငံတော်က လိုအပ်သည့် အခြေခံများကို တိုးချဲ့ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း။

ရာသီမရွေးသွားလာနိုင်

ဘုတ်ပြင်း–ကော့သောင်း ကားလမ်းအပိုင်း၊ ဘုတ်ပြင်း–တနင်္သာရီ ကားလမ်းအပိုင်းတို့သည် ထပ်ဆင့်ပြုပြင်ရန်များ ရှိသော်လည်း ပွင့်လင်းရာသီသာမက မိုးတွင်းကာလတွင်ပါ ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် တိုးတက်ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးသည့်နည်းတူ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းသို့ တည်ဆောက်လုပ်ကိုင်ပေးနေသည်မှာ ဤဒေသကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်စေလို၍ ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိတို့ တိုင်းရင်းသားလူမျိုးအားလုံးအပေါ် နီးသည် ဝေးသည်မဟုတ်၊ ဆူကြိုနိမ့်မြင့်မရွေး အားလုံးမျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေလိုသည့် စေတနာဖြင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✡

မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းမြို့နယ် ကျောက်ထနောင်းတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအား လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့သို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့ ရာဇာမုနိဆုတောင်းပြည့် စေတီတော်တွင် ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တရားဥပဒေစိုးမိုးမှုရှိအောင် ခိုင်ခိုင်မာမာ တည်ဆောက်၍ ပြည်သူအများ အေးချမ်းလုံခြုံစွာ နေထိုင်သွားနိုင်အောင် ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ကြောင်း။

နှုတ်ဆက်

ဤသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်ကြီး တစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်နည်းတူ နယ်မြေဒေသလည်း မြန်မြန်ဆန်ဆန်ဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပလပ်ထားသော ဤဒေသအတွင်းရှိ လယ်မြေများကို အပြည့်အဝဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ဒေသဆန် ဖူလုံရေးကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား နှုတ်ဆက်သည်။

✡ စာမျက်နှာ ၆ မှ

လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဤဒေသ၏ ရေမြေရာသီဥတု အခြေအနေမှာ ကောင်းမွန်သဖြင့် ဒေသဖူလုံရေးနှင့် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ဖြစ်ရာ ဝန်ထမ်းများနှင့်ပြည်သူများအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်း၍ ကြံ့ရည်ဖန်ရည်ရှိရှိ၊ ဝီရိယရှိရှိဖြင့် သဘာဝသယံဇာတများကို အပြည့်အဝ အသုံးချလုပ်ကိုင်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပြည်ထောင်စုကို မြတ်နိုးသည့်စိတ်၊ နိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ဒေသခံပြည်သူများတွင် ကိန်းအောင်းလာအောင် စည်းရုံးဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းမြို့နယ်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ပြည်ကြီးမဏ္ဍိုင်မြို့

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့မှ ပြည်ကြီးမဏ္ဍိုင်မြို့သို့ နံနက် ၁၀နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြည်ကြီးမဏ္ဍိုင်မြို့ လေညှာ-မဏ္ဍိုင်တံတားအနီးရှိ ရှင်းလင်းဆောင်၌ ပြည်ကြီးမဏ္ဍိုင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက ပြည်ကြီးမဏ္ဍိုင်မြို့ တည်နေရာနှင့် အကျယ်အဝန်း၊ ဒေသခံပြည်သူများအနေဖြင့် လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် ရေလုပ်ငန်းများကို အဓိကထား၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ပတ်ဝန်းကျင်ဒေသသည် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ တည်ရှိပြီး ဆက်သွယ်မှုအနေအထားအရ ဝေးလံခေါင်သီသော ဒေသဖြစ်ကြောင်း။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘုတ်ပြင်းမြို့နှင့် တနင်္သာရီမြို့အကြား၌ ကွက်လပ်အဖြစ် ကျန်မနေစေရေးအတွက် ပြည်ကြီးမဏ္ဍိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မိမိတို့ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

ဤဒေသ၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ဖိဖိစီးစီး ထိထိရောက်ရောက် လုပ်ကိုင်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လေညှာ-မဏ္ဍိုင် တံတားကြီးအပါအဝင် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို ပြည်ကြီးမဏ္ဍိုင်ဒေသ၌ ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ ဤဒေသသို့ရောက်ရှိနေသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်းပူးပေါင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်အကောင်အထည်ပေါ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

မိမိပြည်ထောင်စုကို မြတ်နိုးသည့်စိတ်၊ မိမိမြေ၊ မိမိရေနှင့် မိမိနိုင်ငံတော်ကို ချစ်မြတ်နိုးစိတ်များ ဒေသခံပြည်သူများတွင် ကိန်းအောင်းလာအောင် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဤဒေသသည် နယ်စပ်ဒေသဖြစ်သည့်အားလျော်စွာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသလုံခြုံအေးချမ်းအောင်၊

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လေညှာ-မဏ္ဍိုင်တံတားကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးသက်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘုတ်ပြင်းတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)



ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

တွေ့ဆုံ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ကြီးမဏ္ဍိုင်မြို့ လေညာ–မဏ္ဍိုင်တံတားအနီးရှိ ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေး
မြိတ်မြို့ကျက်သရေဆော

✱ စာမျက်နှာ ၇ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်က တနင်္သာရီမြို့နယ်တွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံပိုလျှံမှု၊ ဆီအုန်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ဒေသကြက်များမွေးမြူထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် တနင်္သာရီမြို့နယ်သည် ရေမြေရာသီဥတုကောင်းသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ဥယျာဉ်ခြံမြေလုပ်ငန်းအပေါ်တွင် အဓိက အခြေပြုကြကြောင်း၊ ရာသီသီးနှံစိုက်ပျိုးလျှင် ဖြစ်ထွန်းသော်လည်း သီးနှံ

အထောက်အကူပြု

ထို့ပြင် ဆီအုန်း၊ ရော်ဘာတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ဖိဖိစီးစီးလုပ်ကိုင်ပြီး မြို့နယ်၏ စီးပွားရေးကို မြှင့်တင်ကာ တိုင်းနှင့်ခရိုင်တို့၏ စီးပွားရေး၊ နိုင်ငံတော်၏ စီးပွားရေးတို့ကို ပိုမိုအထောက်အကူပြု အားဖြည့်နိုင်ရေး ကြိုးပမ်းသွားရန် အရေးကြီးကြောင်း။

ငရုတ်ကောင်းသီးနှံကို တနင်္သာရီတိုင်း၊ မွန်၊ ကရင်နှင့် ရခိုင်ပြည်နယ်တို့၌ စီးပွားဖြစ် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေကောင်းများရှိရာ ပြည်ပပို့ကုန် အမယ်သစ်အဖြစ် ဖြစ်ဖြစ်မြောက်မြောက် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်အောင် ကြိုးစားသင့်ကြောင်း။

သီးနှံစုံဖြစ်ထွန်း

နွေ၊ မိုး၊ ဆောင်း စသည်ဖြင့် ရာသီ သုံးရာသီရှိသော မိမိတို့နိုင်ငံ၏ ရာသီဥတု ကောင်းမွန်မှုနှင့် ရေမြေသယံဇာတပေါများမှုတို့ကြောင့် သီးနှံမျိုးစုံ စိုက်ပျိုး ဖြစ်ထွန်းနိုင်ကြောင်း။

သဘာဝကပေးအပ်ထားသည့် အခြေအ...

ထထကြွကြွ ကြိုးကြိုးစားစား အ...

ယင်းသဘာဝက ပေးအပ်ထားသည့် အခြေအနေကောင်းကို မိမိတို့ အပြည့်အဝ အသုံးချနိုင်အောင် ထထကြွကြွ၊ ကြိုးကြိုးစားစား အမြင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားသင့်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဖြတ်သန်းကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးသော တနင်္သာရီတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေး...
တပ်မတော်ကာကွယ်ရေ...
မြို့တွင် ဌာနဆိုင်ရာများ၊ ...
များ၊ လူမှုရေးအသင်းအဖွဲ...
တွေ့ဆုံလမ်းညွှန်မှာကြာ...

ထို့နောက် ဗိုလ်ချုပ်မှူ...
များဖြင့် မြိတ်မြို့သို့ ရောက်...
တိုးတက်မှု ဝန်ကြီးဌာန ဝ...
ဝန်ကြီး ဦးသောင်း၊ ပညာရေ...
ဒေသတိုင်းစစ်ဌာနချုပ် ဒုတ...
ဗိုလ်မှူးကြီးဇော်ဝင်းနှင့် တ...

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ပြည်ကြီးမဏ္ဍိုင်မြို့တွင် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

စိုက်ပျိုးမှု လုပ်ငန်းကို တွင်တွင်ကျယ်ကျယ် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်လေ့မရှိကြောင်း၊ သို့ရာတွင် တနင်္သာရီမြို့နယ်ပါဝင်သည့် မြိတ်ခရိုင်သည် ဆန်ဖူလုံမှုမရှိသော ဒေသဖြစ်နေရာ မြိတ်ခရိုင်တစ်ခုလုံး ဆန်ဖူလုံရေးကို တနင်္သာရီမြို့နယ်က အတတ်နိုင်ဆုံး ဝင်ရောက်ပံ့ပိုး အထောက်အကူပြုနိုင်ရမှာ ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမြေတိုးချဲ့

ထို့ကြောင့် မြို့နယ်အတွင်းရှိ လယ်မြေများကို ဖော်ထုတ်၍ အပြည့်အဝ စိုက်ပျိုးခြင်း၊ တာပတ်စိုက်ပျိုးခြင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ် စိုက်ပျိုးခြင်းတို့ဖြင့် စပါးစိုက်ပျိုးမြေကို တိုးချဲ့သွားကြရန်လိုအပ်ကြောင်း။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတွင် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

...ည့် အခြေအနေကောင်းကို မိမိတို့ အပြည့်အဝအသုံးချနိုင်အောင် ...းစားစား အမြင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တနင်္သာရီမြို့တွင် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်သားများ၊ မိသားစုဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ရောက်ရှိကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဟုန်းငိုင်၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးကြီးဇင်ယော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်အတွက်အလှူငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

မေးမြန်းနှုတ်ဆက်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လှည့်လည်ကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံများနှင့် ရင်းနှီးစွာ မေးမြန်းနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သမုတ်သိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

တွေ့ဆုံမှာကြား

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မြိတ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ယနေ့ထုတ် ကြေးမုံစောင်ရေ ၁၉၅၂၆၂

စီးပွားကူးသန်း ရှေ့သို့လှမ်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၅၉၂)နှစ်မြောက် ဗုဒ္ဓပူဇနီယ အခါသမယ တပေါင်းကာလတွင် ဂေါပကအဖွဲ့ကဦးဆောင်ပြီး ဘာသာရေး အသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ၊ အလှူရှင်၊ သဒ္ဓါရှင်၊ စေတနာရှင်များစုပေါင်း၍ ပရိယတ်၊ ပဋိပတ်လုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား မတ် ၄ရက် (တပေါင်းလဆန်း ၁၄ရက်) ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသော သဒ္ဓါရှင်၊ စေတနာရှင်များအနေဖြင့် ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

အဓိဋ္ဌာန်အောင်မြင် ရွှေဥမင်ဘုရား (၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်း အနန်းပင် ရပ်ကွက်ရှိ အဓိဋ္ဌာန်အောင်မြင် ရွှေဥမင်ဘုရား၏ ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်နှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့မှ မတ် ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ရာဇဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်ကကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဦးတင်လှိုင်[စာရေးဆရာ မောင်တင်လှိုင် (ဟိုတယ်/ခရီး)] ဇနီး ဒေါ်ခင်အေး မိသားစုအား မြတ်သောဌာန ကုသိုလ်ရှင် မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် ဖေဖော်ဝါရီ ၂၉ရက်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး၊ ပြည်သူ့အကျိုး

ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး နိုင်ငံတော်က လမ်း၊တံတားများစွာတည်ဆောက်ပေးနေ ယနေ့အချိန်အထိ လမ်းမိုင်အရှည် ၈၉၄မိုင်နှင့် ပေ၁၈၀အထက်တံတားကြီး ၂၇စင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာဒေသဖွံ့ဖြိုးရေး လုံ့လ၊ဝီရိယစိုက်ထုတ်ပြီး ကြိုးစားဆောင်ရွက်

ရန်ကုန် မတ် ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ ရခိုင်ပြည်နယ် အမ်းမြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ကျောက်ဖြူခရိုင်နှင့် အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် တောင်ကုတ်မြို့သို့ ရောက်ရှိကြရာ တောင်ကုတ်တပ်နယ်မှ ဗိုလ်မှူးကြီး မြင့်စိုး၊ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဘိုးဘွားရိပ်သာဖွင့်ပွဲ

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာဖွင့်ပွဲ၊ ရေစက်ချပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်ကုတ်မြို့ ကိုင်းရှည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သုရိယဓဇ၊ ရွှေမေတ္တာဘိုးဘွားရိပ်သာ နာယကချုပ် ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာ အလှူရှင်များ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ဝင်းတို့က ရွှေမေတ္တာ ဘိုးဘွားရိပ်သာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်က ရွှေမေတ္တာ ဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရွှေမေတ္တာ ဘိုးဘွားရိပ်သာ ဖွင့်ပွဲအစီအစဉ်ကို ရွှေမေတ္တာ ဓမ္မဗိမာန်၌ ဆက်လက်ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေမေတ္တာ ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်ဝင်း၊ ဒေါ်စိုးမိုးသူ မိသားစုတို့က ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀၊ တောင်ကုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းအတွက် ငွေကျပ် သိန်း၅၀နှင့် ရမ်းဗြဲမြို့နယ် ကျောက်နီမော် အခြေခံပညာ အထက်တန်း ကျောင်းဆောင်သစ်အတွက် ငွေကျပ် သိန်း၅၀ စုစုပေါင်း ငွေကျပ် သိန်း၂၀၀ကို တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် ရွှေမေတ္တာ ဘိုးဘွားရိပ်သာရှိ ဘိုးဆောင်၊ ဘွားဆောင်၊ ထမင်းစားဆောင်နှင့် ဓမ္မာရုံတို့ကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်သည် ဖွင့်ပွဲ အထိမ်းအမှတ် အောင်မြင်ခြင်းအဖြစ် ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆောက်လုပ်လှူဒါန်း

ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်ဝင်း၊ ဒေါ်စိုးမိုးသူ မိသားစုက ငွေကျပ် သိန်း ၇၅၀ အကုန်အကျခံကာ ဘိုးဘွား ၄၀ ဆံ့ တောင်ကုတ်မြို့ ရွှေမေတ္တာ ဘိုးဘွားရိပ်သာ အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းကြခြင်းဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွှန့်ရွှေနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✥

ဖေဖော်ဝါရီ၂၉ရက်က ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ဘိုးဘွားရိပ်သာအလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်ဝင်းတို့ ဖဲကြိုးဖြတ်၍ တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာကို ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)





❖ စာမျက်နှာ ၁၀မှ

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တည်ဆောက်ဆဲ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ သံတွဲခရိုင်နှင့် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်က သံတွဲခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးစပါးစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ မိုးစပါးတိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်မှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဖူလုံမှုအခြေအနေ၊ ငရုတ်ကောင်း စိုက်ပျိုးထားမှု၊ တောင်ကုတ်မြို့ သောက်သုံးရေရရှိရေးအတွက် ဝက်ကျိတ်ဆည် တည်ဆောက်နေမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းကစာသင်ခန်းခြောက်ခန်းတွဲ သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဌာနအလိုက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို စိစစ်ပြီး တောင်ကုတ်မြို့ သောက်သုံးရေရရှိရေး ဝက်ကျိတ်ဆည် တည်ဆောက်မှုလုပ်ငန်း၊ တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးပြီး တောင်ကုတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများအနက် အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းကိုလည်းကောင်း၊ အမ်းမြို့နယ် ပြည်သူ့ဆေးရုံကို ၂၅ခုတင်ဆံ့မှ ခုတင်၅၀ဆံ့ဆေးရုံအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကုတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်သည် ရခိုင်ပြည်နယ်၏ တံခါးပေါက်သဖွယ် အချက်အချာကျသည့် ဒေသဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့ဖြင့် အသင့်အတင့်စီးပွားဖြစ်ထွန်းမှုရှိသည့် ဒေသလည်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် တောင်ကုတ်မြို့နယ် အပါဝင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို ဖြည့်ဆည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းတံတားများစွာ

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က လမ်း/တံတားများစွာကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် သုံးနှစ်ခန့်ကပင် ရန်ကုန် - စစ်တွေ လမ်းမကြီးကို နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် ရန်ကုန်မှ စစ်တွေ လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကိုယ်တိုင် သွားရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း။

ယနေ့အချိန်အထိ နိုင်ငံတော်က ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်ပြီး ကတ္တရာလမ်း၅၃၇မိုင် အပါအဝင် ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင်အရှည် ၈၉၄ မိုင် ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လမ်းဖောက်ရာတွင် လမ်းကြောင်းပေါ်ရှိ တံတားအများ အနေဖြင့် ၂၅၁၃ ပေအရှည်ရှိ ကစ္ဆပနဒီတံတား၊ ၂၀၀၃ ပေအရှည်ရှိ မင်းချောင်းတံတားကြီး အပါအဝင် ပေ၁၈၀အထက် တံတားကြီး စာရင်းဝင်တံတားပေါင်း ၂၇စင်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး ၂၇၀၄ ပေအရှည်ရှိ မင်းကြောင်းတံတား၊ ၁၁၅၄ ပေအရှည်ရှိ လုံးတော်ပေါက် တံတားများအပါအဝင် တံတားကြီး ငါးစင်းကိုလည်း တည်ဆောက်ပေးလျက်ရှိနေသကဲ့သို့ ဆက်လက်ပြီး တံတားကြီးလေးစင်းကိုလည်း တည်ဆောက်ရန် လျာထားပြီးဖြစ်ကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးထားသည့် တံတားအလတ်စား၊ အသေးစား များစွာ ရှိကြောင်း။

တောက်လျှောက်သွားလာနိုင်

ယခုအချိန်တွင် စစ်တွေမှ ရန်ကုန်မြို့သို့စစ်တွေ-မြောက်ဦး-အမ်း-မင်းဘူး-မကွေးလမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-ပန်းတောင်း-ပြည်လမ်းမကြီးဖြင့် လည်းကောင်း၊ စစ်တွေ-အမ်း-တောင်ကုတ်-သံတွဲ-ဂွ - ငသိုင်းချောင်း လမ်းမကြီးဖြင့် လည်းကောင်း မော်တော်ယာဉ်ခရီးဖြင့် တောက်လျှောက် သွားလာနိုင်ပြီဖြစ်ကြောင်း။

ခဲရာခဲဆစ်ဖောက်လုပ်

ထို့ပြင် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကိုလည်း ဖောက်လုပ်ပေးလျက်ရှိရာ ယင်းလမ်းမကြီးပေါ်ရှိ မအီ-ကျောက်ဖြူလမ်းပိုင်းရှိ ရွှံ့ညွန်တောကြီးကို ခေတ်မီ Geotextile နည်းဖြင့် နိုင်ငံခြားငွေများပါ အကုန်အကျခံကာ ခဲရာခဲဆစ် ဖြတ်ကျော် ဖောက်လုပ်ပေးလျက်ရှိကြောင်း။

မိမိတို့ တာဝန်ယူသည့် အချိန်ကာလတွင် ရန်ကုန်မြို့တော်နှင့် ရခိုင်ပြည်နယ်အတွင်းရှိမြို့များ ဆက်သွယ်သွားလာနိုင်သည့် လမ်းကြောင်းများ ထူးထူးခြားခြားပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကဲ့သို့ပင် အခြားသော ပြည်နယ်၊တိုင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေးကို အထောက်အကူပြုသည့် အခြေခံအဆောက်အအုံများစွာကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း နေထိုင်နေသည့် တိုင်းရင်းသားများ၏ ပညာရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေး၊ လူသားစွမ်းရည် တိုးတက်ရေးအတွက်လည်း အခြေခံပညာကျောင်းများကို အဆင့်တိုးမြှင့်ပေးခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာရပ်များ လွယ်လွယ်ကူကူ သင်ကြားနိုင်ရေးအတွက် စစ်တွေမြို့တွင် စစ်တွေတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရကွန်ပျူတာကောလိပ်တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍ တွင်လည်း ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် ခုတင် ၂၀၀ဆံ့နှင့် ခုတင် ၁၀၀ဆံ့ အထူးကုဆေးရုံကြီးများကို ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဆေးရုံများတွင် ဆရာဝန်၊သူနာပြု၊ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို ဖြည့်စွက်ပေးလျက်ရှိကြောင်း။

အလားတူ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မိမိဒေသဝမ်းစာ ဖူလုံရေးမှတစ်ဆင့် ပိုလျှံသည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြေလွတ်မြေရိုင်း

ထို့ပြင် တောင်ကုတ်မြို့နယ် အပါအဝင် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်း များစွာ ရှိနေသေးရာ လယ်ယာမြေများ ဖော်ထုတ်ပြီး မျိုးပြောင်းလဲတိုးချဲ့ စိုက်ပျိုးသွားရန် လိုအပ်သကဲ့သို့ ဒေသအတွင်း စီးပွားဖြစ်ထွန်းနိုင်သည့် ပုစွန်မွေးမြူရေးလုပ်ငန်းအပါအဝင် ရေလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူလာစေရေး၊ နမူနာပြမွေးမြူပြသသွားရေး စီမံဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အပိုင်းက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာရေးတို့ အတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနေသည့် အချိန်တွင် ပြည်သူများအပိုင်းကလည်း မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် မိမိတို့၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားမှုများကို ဝီရိယစိုက်ထုတ်ပြီး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် ပြည်သူများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်က ကျေးဇူးတင်စကား ပြောကြားသည်။

တောင်ကုတ်ဆေးရုံ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာစံလှိုင်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံကို ၂၅ခုတင်ဆံ့မှ ခုတင်၅၀ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးပြီးဖြစ်သဖြင့် ဆေးရုံတိုးချဲ့အဆောက်အအုံ တည်ဆောက်နိုင်မည့် မြေအခြေအနေကို ဆေးရုံပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့မှ တစ်ဆင့် ကျောက်ဖြူမြို့သို့ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ ရက်က တောင်ကုတ်မြို့ ရွှေမေတ္တာဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ ရက်က တောင်ကုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၂၉ရက်က တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်–သန်လျင်တံတား အမှတ်(၂)နှင့် ခရမ်းရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းများစစ်ဆေး

ရန်ကုန် မတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၊ ခရမ်းရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်နှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရှင်းလင်းခန်းမ၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး၊ ခြောက်သွေ့ရာသီတွင် သီးနှံများစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောစိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းသုံးရပ်ဖြစ်သော မိုးယွန်းကြီးအင်းမှရေကို မင်းရွာရေလွှဲပေါက်မှ တစ်ဆင့် တူးမြောင်းဖြင့် သွယ်ယူပြီး သနပ်ပင်–သုံးခွကားလမ်း နံဘေးတစ်လျှောက်တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူသည့် နည်းလမ်း၊ ခရမ်းချောင်းကို ပိတ်၍ ရေထိန်းတံခါးတည်ဆောက်၍ မိုးရာသီတွင် ရေငန်တား၊ ရေကြီးမှုမှ ကာကွယ်ကာ နွေရာသီတွင် ခရမ်းနှင့် သုံးခွမြို့နယ်များသို့ ရေသွယ်မြောင်းစနစ်ဖြင့် ရေပေးဝေသည့် နည်းလမ်းနှင့် ငမိုးရိပ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး၏ အဆုံးမှရေကို တည်ဆောက်ဆဲ ရန်ကုန်–သန်လျင်တံတား အမှတ်(၂)အထိသွယ်ယူပြီး ပဲခူးမြစ်ကို ရန်ကုန်–သန်လျင်တံတား အမှတ်(၂)အပေါ် ရေသွယ်ပိုက်လုံးဖြင့် ဖြတ်၍ ရန်ကုန်မြို့တော် တောင်ဘက်ခြမ်းရှိ သန်လျင်–ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုး ဧရိယာများသို့ ရေဖြန့်ဝေပေးမည့် နည်းလမ်းတို့ဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သွားမည့် နည်းလမ်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားစားသုံးသီးနှံများ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မိုးစပါးလျာထားသတ်မှတ်ချက်ထက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်း သန်လျင်မြို့နယ် နတ်ချောင်းဝရွာဟောင်းအနီးရှိ ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

၁၇၂၈၆ ဧက တိုးမြှင့် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါးဧက တိုးချဲ့စိုက်ပျိုးနိုင်ရန် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ ရေသွင်း ရေနုတ်မြောင်းများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ပြုပြင်တိုးချဲ့ဆောင်ရွက်မှုကြောင့် ယခုနှစ်နွေစပါး၊ ပဲမျိုးစုံ ဆီထွက်သီးနှံစိုက်ဧက ယခင်နှစ်ကထက် ဧက ၃၄၀၀၀ ကျော် တိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေများကိုလည်းကောင်း ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရန်ကုန်မြို့တော် ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ၊ မြစ်ချောင်းများ၊ ရေစီးရေလာအခြေအနေများ၊ အကျိုးသက်ရောက်မည့် လုပ်ငန်းပမာဏများကို ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ရန်ကုန်–သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း၏ မူလတံတား တည်ဆောက်ရေး ဒီဇိုင်းပုံစံကို မထိခိုက်စေဘဲ၊ ငမိုးရိပ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီးအဆုံးမှရေကို သန်လျင်–ကျောက်တန်းမြို့နယ်များရှိ စိုက်ပျိုးဧရိယာများသို့ ရေပေးဝေနိုင်ရန် ရန်ကုန်–သန်လျင် တံတားအမှတ်(၂)ပေါ်မှ ဖြတ်သန်းကာ ရေသွယ်ပိုက်လုံးဖြင့် ရေသွယ်ယူမည့် အစီအစဉ်တို့ကိုပါ ပေါင်းစပ်တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်–သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာမှူးကြီး(စီမံကိန်း)ဦးမြင့်လွင်က ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ရှုရပ်မျှော်စင်မှနေ၍ ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း သန်လျင်မြို့နယ် နတ်ချောင်းဝရွာဟောင်းအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်–သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တာဝန်ယူတည်ဆောက်လျက်ရှိသည့် ခရမ်းရေထိန်းတံခါး စီမံကိန်းလုပ်ငန်းခွင်သို့ ပဲခူးမြစ်နှင့် ခရမ်းချောင်းမှတစ်ဆင့် ရေယာဉ်များဖြင့်ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆိုင်ရာ အချက်အလက်တို့နှင့်စပ်လျဉ်း၍ ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စီမံကိန်း လုပ်ငန်းကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီ တည်ဆောက်ပြီးစီး အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရမ်း၊ သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များနှင့် သန်လျင်မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်ကခန့်အပ်တာဝန်ပေးထားသော ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ ဖြစ်ကြောင်း၊ ယင်းအုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများသည် အခြေခံအကျဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်ပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ပြောမှားဆိုမှား လုပ်ကိုင်ပုံမှားယွင်းသွားပါက နိုင်ငံတော်အဆင့်အထိ ရောင်ပြန်ဟပ်နိုင်ကြောင်း။

အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာအဆင့်သည် ပြည်သူလူထုနှင့် အနီးကပ်ဆုံးဆက်ဆံနေရရာ ပြည်သူလူထုအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများမပြုလုပ်မိစေရန် အထူးသတိထားရမည်ဖြစ်ကြောင်းဖြင့် ရှင်းနီးစွာရှင်းလင်းမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ➪



➪ စာမျက်နှာ ၁၂ မှ

တည်ဆောက်ရေးဝန်ထမ်းများက စက်ယန္တရားကြီးများ ဖြင့် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ခရမ်းရေထိန်းတံခါးကို ပဲခူးတိုင်း ကဝမြို့နယ်နှင့် ရန်ကုန်တိုင်း သန်လျင်နှင့် ခရမ်းမြို့နယ် ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီတွင် မြစ်ရေများဝင်ရောက်မှု မရှိစေဘဲ ရေကျချိန်တိုင်းတွင် ရေထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှုလျော့နည်းသက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်း၍ မိုးစပါးအောင်ရေများဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းပေးလာနိုင်ရန်နှင့် နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းအတွင်းဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို တားဆီးပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသည်။

ခရမ်းရေထိန်းတံခါးမှာ ကွန်ကရစ်ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ၆ပေ x ၁၆ပေအရွယ် ရေတံခါးပေါက်၄၀ပါရှိမည်ဖြစ်သည်။ အဆိုပါရေထိန်းတံခါး ပြီးစီးပါက ဧက ၃၀၀၀၀ အကျိုးပြုမည် ဖြစ်ကြောင်းသိရသည်။

ယင်းမှတစ်ဆင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်ရှိ ကမ်းနားလမ်းနှင့် တွင်းသင်းတိုက်ဝန် ဦးထွန်းညိုလမ်းရှိ Silver Valley၏ ကြိမ်အချောထည် စက်ရုံသို့ရောက်ရှိကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြိမ်အချောထည်စက်ရုံအတွင်း ကြိမ်အချောထည် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

Silver Valley ကြိမ်အချောထည် စက်ရုံမှ ကြိမ်အချောထည်အမျိုးပေါင်း ၁၀၀ကျော် ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပြင်စည်မင်းသားကြီးလမ်းနှင့် မဏ္ဍရာမင်းသားကြီးလမ်းထောင့်ရှိ ဒဂုံပန်ဆန်းမော်တော်ယာဉ် အလုပ်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မော်တော်ယာဉ်အလုပ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ဒဂုံပန်ဆန်းမော်တော်ယာဉ်အလုပ်ရုံက ထုတ်လုပ်သည့် Dagon Dragon Pickup မော်တော်ကား ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီးကားများ၊ Super Seven Stars Interational Trading Co. Ltd က ထုတ်လုပ်သည့် Super Carrier ကားနှင့် Unique Runner တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆင်မလိုက်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်က တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်း တည်ဆောက်ရေးဆိုင်ရာ အချက်အလက်တို့ကိုလည်းကောင်း၊ တည်ဆောက်ရေးစီမံကိန်း တိုးတက်မှုအခြေအနေကိုလည်းကောင်း၊ စီမံကိန်းပြီးစီးပါက ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များနှင့် အကျိုးသက်ရောက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကိုမှာကြားပြီး တန်ချိန် ၁၂၀၀၀ ရေလုံ သင်္ဘောကျင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြန်မာ့သင်္ဘောကျင်း လွှန်းကျင်းသို့ ရောက်ရှိပြီး ရှေးဦးစွာ မြန်မာ့သင်္ဘောကျင်းရေယာဉ်တည်ဆောက်ရေးအလုပ်ရုံ(၁)၌ တွန်းဆွဲရေယာဉ် (TUG BOAT) တည်ဆောက်နေမှု၊ တည်ဆောက်ရေးရေယာဉ်များတွင် အသုံးပြုမည့် သံပြားအစိတ်အပိုင်းများကို ကွန်ပျူတာထိန်းချုပ်မှုစနစ်(CNC) အသုံးပြုကာ သံပြားများဖြတ်တောက်နေမှု၊ ကမ်းရိုးတန်းသွားကမ်းထိုးရေယာဉ် တည်ဆောက်နေမှု၊ လွှန်းတင်ပြင်ဆင်နေမှု၊ လွှန်းတင်/လွှန်းချ ရထားကြီးပြင်ဆင်နေမှု၊ ရေယာဉ်သုံးပစ္စည်း ထုတ်လုပ်ရေးအလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးဦးဖေသန်းနှင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဦးပါစီမောင်မောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်မှာကြားပြီး ညနေပိုင်းတွင် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းလွှန်းကျင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး စတင်ကျင်းပ

ရန်ကုန် မတ် ၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ယနေ့နံနက်စနာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စတင်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ ညွှန်ကြားရေးမှူးများ၊ သာသနာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဗိုလ်မှူးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ပထမနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၊ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ဝါဆိုရပ်ကွက် ဆင်ကျုံးတောရကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၊ ပဲခူးတိုင်း သဲကုန်းမြို့ ကိုယ်ကြီးမြှုတ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတ၊ တနင်္သာရီတိုင်း ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမ တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ တို့အား တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေ ဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဆောင်ရွက်တော်မူ၍ အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် တက်ရောက်တော် မူလာကြသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေး ထမြောက်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များက "သာသနဿစ လောကဿ၊ ဝုဍ္ဎိဘာတု သဗ္ဗဒါ""သာသနမ္ပိစ လောကဉ္စ၊ ဒေဝါရက္ခန္တုသဗ္ဗဒါ" ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေးကျင်းပမည့် ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ရက် (၂၀၀၄ ခုနှစ် မတ် ၁ ရက်၊ ၂ ရက်နှင့် ၃ရက်)တို့အတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားပြီး အစည်းအဝေးကြီး၏ အတည်ပြုချက် ရယူတော်မူကာ ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ပထမနေ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသည့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတာ သိရီဘိဝံသကလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသက လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတ၏ ဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသကလည်းကောင်း၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝံသ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသကလည်းကောင်း၊ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၏ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဝိစာရက လည်းကောင်း အသီးသီး ဖတ်ကြားတော်မူကြသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး၌ မိန့်ကြားတော် မူအပ်သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မြင်းခြံဆရာတော် ဘဒ္ဒန္တသောဘိတ၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို သဘာပတိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ယခုနှစ် တစ်နှစ်တာ ကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားများကြောင်း မှတ်တမ်းတင်ရန် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက လျှောက်ထားတင်ပြရာ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသည့် ဆရာတော်ကြီးများနှင့် ဆရာတော်များက "သဗ္ဗေ သင်္ခါရာ အနိစ္စာတိ" အစရှိသော သုံးဂါထာကို ရွတ်ဆို၍ သံဝေဂဉာဏ်ပွားများတော်မူကြသည်။

ဆက်လက်၍ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိက အစည်းအဝေးသို့ တင်သွင်း၍ အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် တစ်နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက တင်သွင်း လျှောက်ထားတော်မူပြီး နံနက် ၉နာရီ ၄၅မိနစ်တွင် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး သဘာပတိအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ကဏ္ဍဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရနှင့် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်းဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တကုန္ဒသိရီတို့က ဖတ်ကြားတင်သွင်းတော်မူသည်။

ထို့နောက် သာသနာရေးရာကဏ္ဍဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များဖြစ်တော်မူကြသော မန္တလေးတိုင်း မိုးကုတ်မြို့ မဟာသတိပဋ္ဌာန်ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုနန္ဒ၊ ရှမ်းပြည်နယ် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတနှင့် စစ်ကိုင်းတိုင်း မင်းကင်းမြို့ ကန်တော်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောက တို့က ဖတ်ကြားတင်သွင်းတော်မူကြသည်။

ဆက်လက်၍ ပညာရေး ဆောင်ရွက်ချက်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုန္ဒသိရီက ဖတ်ကြား တင်သွင်းတော်မူသည်။

ထို့နောက် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်တော်မူကြသော ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိတို့က ရှင်းလင်းဖတ်ကြား လျှောက်ထားတော်မူကြပြီး ပထမနေ့အစည်းအဝေး အစီအစဉ်များကို ညနေ ၃နာရီ မိနစ် ၂၀တွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး ဒုတိယနေ့ကို မတ် ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၅၁)နေ ဒုတိယဗိုလ်မှူးကြီးစိန်မြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငြိမ်း)–ဒေါ်ခင်အေးကြူ (အထပြ၊ ငြိမ်း) တို့၏သားထွေး

မောင်မျိုးဝင်း B.Sc (Chemistry)Q.
Deck Cadet (Liz Star Company Ltd.)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ ၇မိုင်၊ အမှတ်(၅/၅၄)နေ ဦးစိုးသိန်း–ဒေါ်မြင့်မြင့်စိန် တို့၏သမီးဦး

မစုလတ်စိုး B.Sc (Chemistry)Q.

ကောင်း ဆေးမျိုးစုံရောင်းဝယ်ရေး

တို့၏ ၂၉–၂–၂၀၀၄ရက်တွင် Yuzana Garden Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်သည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း ဒုတိယဝန်ကြီးချုပ်(ငြိမ်း)နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီးဒေါ်ခင်ခင်လေး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်နှင့်ဇနီးဒေါ်ခင်မလေး၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ ၁၉–၂–၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးချီးမြှင့်ပေးသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော Liz Star Group of Companies ၏ဥက္ကဋ္ဌ ဒေါက်တာဝင့်ဇော်နှင့် ဒါရိုက်တာအဖွဲ့ဝင်များအားလည်းကောင်း၊ မေတ္တာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ အားပေးကူညီကြသူများနှင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးဝင်း–မစုလတ်စိုး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ပညာဝတီရိပ်သာနေ ဦးစိုင်းဘဥာဏ် M.D (Maou Oak Shaung Int Co., Ltd.) – ဒေါ်ခင်မိမိခိုင် တို့၏တူသား၊

မန္တလေးမြို့၊ မင်းသားစုရပ်နေ ဦးကျော်ကျော်မင်း–ဒေါ်ခင်သန်းစု (သူရိန်ဖယောင်းနှင့် ကုန်မျိုးစုံရောင်းဝယ်ရေး)တို့၏ တစ်ဦးတည်းသောသား

မောင်သကြ်န်ကျော် B.Sc (Bot)Q.

နှင့်

မန္တလေးမြို့၊ ပုလဲငွေရောင်ရပ်နေ ဒေါက်တာဦးသန်းညွှန့်–ဒေါ်ဥမ္မာကြည်(နီလာဆေးခန်း) တို့၏ သမီးထွေး

မစုဝတ်ရည် B.Sc (Phys)Q.

တို့၏ ၂၉–၂–၂၀၀၄ (တနင်္ဂနွေနေ့) Sedona Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ကြွရောက်ချီးမြှင့်ပေးပါသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ မင်္ဂလာပန်းဖန်းကိုင်ပေးသူ မတူးတူးမာ၊ မင်္ဂလာလက်စွပ်ဖန်း ကိုင်ဆောင်ပေးသူ မမေပြည့်စုံကြွယ်၊ မင်္ဂလာပန်းကြဲပေးသော မမေ စိုပြေဥာဏ်၊ ပန်းခြင်းကိုင်ဆောင်ပေးသော သမီးလေး လင်းမဒီလွင်၊ သတို့သားအရံ မောင်မောင်ချမ်းသာ၊ မောင်ဖြိုးကျော်သူ၊ သတို့သမီးအရံ မကြည်ကြည်သာ၊ မမေသက်ခိုင်၊ မင်္ဂလာသြဝါဒစကားပြောကြားပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေပေးသော Lazy Club အဖွဲ့သားများ၊ မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံ ဗီဒီယို ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှပြင်ပေးသော မနီလာ (Eternal Flower)၊ မိတ်ကပ် ဆံပင် အလှပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ Sedona Hotel မှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သကြ်န်ကျော်–မစုဝတ်ရည်။

(၁၈၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုကြီးများ

ရန်ကုန် မတ် ၁

(၁၈၂)ကြိမ်မြောက် ကျပ် ၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀အထူးဆု

ရ–၇၈၅၂၁၄

ကျပ် သိန်း၅၀ဆု

ဏ–၁၄၆၇၈၅
ထ–၈၈၄၂၅၅
ခ–၂၉၂၁၆၇
င–၃၅၇၈၈၈
ရ–၆၅၉၉၃၈
င–၄၇၃၄၀၀
ပ–၇၁၈၂၈၇
ကခ–၄၁၅၆၂၅
သ–၂၃၀၇၄၇
ဃ–၇၆၄၀၃၅

ကျပ် ၂၅ သိန်းဆု

ဃ–၂၃၄၉၄၇
ခ–၉၂၁၉၄၈
ဃ–၁၃၅၇၄၀
ဗ–၉၄၀၈၅၁
ပ–၁၈၁၉၀၆
ဃ–၈၆၆၂၃၃
ဃ–၄၈၂၁၁၂
ဈ–၁၂၇၇၃၁
ဋ–၇၀၅၆၁၀
န–၁၈၁၀၇၆
ပ–၆၂၂၇၈၁
ဈ–၇၂၆၃၉၅

ကျပ်သိန်း ၅၀ ယူနစ် (မင်္ဂလာစုံတွဲ)ဆုများ

သ–၇၃၃၄၅၁
န–၇၉၇၉၈၆
ယ–၄၈၀၅၈၆
ဃ–၃၈၂၄၇၅
အ–၃၂၁၆၄၄
အ–၂၈၆၁၄၃
ပ–၅၆၅၄၇၂
ဆ–၇၇၁၆၂၇
ဝ– ၅၃၅၈၂၇
င–၁၀၁၆၄၄
ဋ–၇၀၃၄၅၄
ထ–၇၁၅၀၇၆
န–၁၉၀၄၁၉
ဈ–၇၄၀၂၅၆
ကဂ–၇၂၃၂၂၇
ကခ–၇၄၃၅၈၈
ဇ–၆၃၃၈၈၇
ဋ–၆၁၇၀၃၆
ဟ–၅၅၆၂၅၂

ကျိုက္ကစံ ဆံတော်ရှင်စေတီတော် မဟာပဋ္ဌာန်းပူဇော်မည်

ရန်ကုန် မတ် ၁

သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော် နှစ်ကိုယ်ရှစ်ဆူ ဓမ္မာရုံကြီး၏ (၁၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲကို မတ် ၅ရက်မှ ၉ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်၍ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂–၃–၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာ့ပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၈။ ပသောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Grammar Made Easy.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ)(ရုက္ခဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၂၅ ၇။ တောင်သူလယ်သမားနေ့တေးများ
၅:၄၀ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၇:၂၀ ၁၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
၇:၃၅ ၁၄။ ကော်ဖီအပိုင်း(၂)
၇:၄၅ ၁၅။ ကချင်ပြည်နယ်မိုးကောင်းတံတား
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၅)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁

မတ်လဆန်းမှစ၍ မေလအလယ်အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာတိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ ညနေပိုင်းတို့၌ အချို့နေရာများတွင် နေရာကွက်၍ လေပြင်းများ တိုက်ခတ်နိုင်သည်။ လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

အောင် ဒီလက်ထရောနစ်သင်တန်း
ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ တီဗွီ၊ ဗွီဒီယို၊ ဗွီစီဒီ၊ စလောင်း လက်တွေ့အမြန်သင်တန်း။
အမှတ် (၄၄)၊ ကျောင်းမြောင်းလမ်း၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ တာမွေမြို့နယ်၊ ဖုန်း–၅၄၀၁၂၀
ကျောင်းသားသစ်များလက်ခံပြီ။

လေလံကြော်ငြာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
ရန်ကုန်မြို့

၁။ စာရင်းစစ်ချုပ်ရုံးပိုင် အသုံးမပြုလိုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်များကို ဈေးပြိုင်လေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်
၁။	မာဇဒါ ၁၃၀၀ဆီဒင်	၂ စီး
၂။	မာဇဒါတီ–၂၀၀၀	၁ စီး
၃။	မာဇဒါအီး–၂၀၀၀	၁ စီး
၄။	မာဇဒါဘီ–၆၀၀	၄ စီး

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့် အစီအစဉ် အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)	လေလံစည်းကမ်းနှင့်ပုံစံရောင်းချမည့်နေ့	၃–၃–၂၀၀၄
(ခ)	လေလံပြန်လည်တင်သွင်းရမည့်နေ့	၁၂–၃–၂၀၀၄(၁၆:၀၀)နာရီထိ
(ဂ)	လေလံယာဉ်များကြည့်ရှုရန်နေရာ	စာရင်းစစ်ချုပ်ရုံး၊ ၃၅/၈၇ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်
(ဃ)	လေလံယာဉ်များကြည့်ရှုရန်နေ့ရက်	၃–၃–၂၀၀၄ မှ ၁၂–၃–၂၀၀၄ (၁၆:၀၀)နာရီထိ(ရုံးချိန်အတွင်း)
(င)	လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန်	၁၅–၃–၂၀၀၄(၁၀:၀၀)နာရီ
(စ)	လေလံတင်ရောင်းချမည့်နေရာ	စာရင်းစစ်ချုပ်ရုံး(ဒါဘာခန်းမ)

မော်တော်ယာဉ်ဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့။

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

Y.E.S. မှအင်္ဂလိပ်စကားပြော သင်တန်းများ
ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15
Basic Spoken English MAR - 1,6,15,20, 22,29
Pre-IntermeDiate English MAR - 15,20,22,29
SAT (I) & Academic Writing Course MAR - 2, 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(II), GFC, Intermediate English
No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
စုံစမ်းရန်ဖုန်း - 245821

မြတ်သန္တာ
မြစ်တွင်းအပျော်စီးရေယာဉ်နှင့်ရေပေါ်စားဥယျာဉ်



ပင်ပန်းနွမ်းနယ်ခဲ့တာတွေကို ဒီအားလပ်ရက်မှာ အပမ်းပြေရအောင် "မြတ်သန္တာ" သင်္ဘောပေါ်ကို ကြွခဲ့ပို့ ဖိတ်ခေါ်ပါရစေ··· ပျော်ပြေမှု အစုံအလင် အရသာထူးတဲ့ စားသောက်ဖွယ်ရာများနဲ့ ညှော်ခံကြိုဆိုလျက်ပါ··· ညနေ (၅း၃၀) နာရီမှာ သင်္ဘောထွက်ခွာပါမယ်··· သင်္ဘောစင်းလုံးငှား အထူးအစီအစဉ်များကိုလည်း လက်ခံဆောင်ရွက်ပေးနေပါတယ်···



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သင်္ချာဘာသာ သိကောင်းစရာ

သင်္ချာဘာသာဟာ မယူမနေရဘာသာတစ်ခုဖြစ်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူတိုင်း ဖြေဆိုရမယ့် ဘာသာရပ်တစ်ခုဖြစ်တယ်။ သင်္ချာဘာသာဟာ အောင်မှတ်ရဖို့လွယ်ကူတဲ့ ဘာသာရပ်တစ်ခုဖြစ်တယ်။ သင်္ကေတတွေ၊ ပုံသေနည်းတွေ မှန်မှန်ကန်ကန်သုံးမယ်၊ တွက်ခိုင်းတဲ့နည်းအတိုင်း တွက်မယ်ဆိုရင် အောင်မှတ်အပြင် ဂုဏ်ထူးတောင်ရနိုင်ပါတယ်။

ဒီနှစ်ဟာ သင်ရိုးသစ်နဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရမှာ တတိယအကြိမ်ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်္ချာဘာသာသိကောင်းစရာများကို နှစ်ပိုင်းခွဲပြီးရှင်းပြမယ်။

ပထမပိုင်းအနေနဲ့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အခန်း(၁၂)ခန်းထဲက တစ်ခန်းစီမှ အခြေခံအချက်များကို ပြောပြမယ်။

အခန်း(၁) Functions နဲ့ပတ်သက်ပြီး ဖန်ရှင်နှစ်ခု f နဲ့ g ရဲ့ ပုံသေနည်းတွေကို ပေးထားရင် အဲဒီဖန်ရှင်နှစ်ခုရဲ့ Composite function ရဲ့ပုံသေနည်းကို ရှာတတ်ရမယ်။ အဲဒီပုံသေနည်းတွေကို ရှာဖို့ရာ $(f \circ g)(x) = f(g(x))$ နဲ့ $(g \circ f)(x) = g(f(x))$ ဖြစ်တယ်ဆိုတာသိရမယ်။ ဒါ့အပြင် နောက်တစ်ချက်က အကယ်၍ f နဲ့ $f \circ g$ တို့ရဲ့ပုံသေနည်းတွေကိုပေးထားပြီး g ရဲ့ပုံသေနည်းကိုရှာခိုင်းရင်လည်း ရှာတတ်ရမယ်။ inverse ရှိတဲ့ ဖန်ရှင် f အတွက် f^{-1} ပုံသေနည်းကိုလည်း ရှာတတ်ရမယ်။ အဲဒါရှာဖို့အတွက်– $f(x) = y \Leftrightarrow f^{-1}(y) = x$ ဖြစ်တယ်ဆိုတာကို သိရမယ်။

အခန်း(၂) The remainder and the factor theorem နဲ့ပတ်သက်ပြီးတော့ Polynomial တစ်ခု f(x) ကို $ax - b$ နဲ့စားတဲ့အခါ ရရှိတဲ့ remainder ဟာ $f\left(\frac{b}{a}\right)$ ဖြစ်တာကို သိရမယ်။ f(x) is divisible by $ax - b$ ဒါမှမဟုတ် $ax - b$ is a factor of f(x) ဖြစ်ရင် $f\left(\frac{b}{a}\right) = 0$ ဖြစ်တယ်။ အပြန်အလှန်လည်း မှန်တယ်။ Degree 3 နဲ့အထက်ရှိတဲ့ Polynomial f(x) ရဲ့ တစ်ထပ်ဆခွဲကိန်း (linear factor) ရှာတဲ့အခါမှာသုံးတဲ့ $x - k$ is a factor of $f(x) \Leftrightarrow f(k) = 0$ ဆိုတဲ့အချက်ကိုလည်း မှတ်မိရမယ်။

အခန်း(၃) The binomial theorem အနေနဲ့ အပေါင်းကိန်းပြည့် n အတွက် $(x+y)^n$ ရဲ့ အကျယ်ဖွင့်ကို မှတ်မိရမယ်။ $(x+y)^n$ ရဲ့အကျယ်ဖွင့်မှာပါတဲ့ ကိန်းလုံးအရေအတွက် (number of terms) က (n+1) ဖြစ်တာကိုလည်း သိဖို့လိုတယ်။ ဒါ့အပြင် အဲဒီအကျယ်ဖွင့်မှာပါတဲ့ ယေဘုယျကိန်းလုံး၊ တစ်နည်းပြောရရင် r+1 အကြိမ်မြောက်ကိန်းလုံးရဲ့ ပုံသေနည်းဖြစ်တဲ့ (r+1)th term = $^nC_r\, x^{n-r} y^r$ ဆိုတာကို အလွတ်ရအောင်ကျက်ထားရမယ်။ အဲဒီပုံသေနည်းကို မှတ်မိမှ အကျယ်ဖွင့်မှာပါတဲ့ ဘယ်နှစ်ကြိမ်မြောက်ကိန်းလုံးကိုပဲဖြစ်ဖြစ် ရှာနိုင်မှာဖြစ်ပါတယ်။ r+1 အကြိမ်မြောက်ကိန်းလုံးရဲ့ ပုံသေနည်းကိုသုံးပြီး အကျယ်ဖွင့်မှာပါတဲ့ ကိန်းသေကိန်းလုံး (constant term)၊ အလယ်ကိန်းလုံး (middle term) တို့ကိုလည်း ရှာနိုင်တယ်။ ထပ်ညွှန်း n ဟာ မကိန်းဖြစ်ရင် $(x+y)^n$ အကျယ်ဖွင့်မှာ ကိန်းလုံးအရေအတွက်က စုံဖြစ်တဲ့အတွက် အဲဒီအကျယ်ဖွင့်မှာ အလယ်ကိန်းလုံးနှစ်လုံးရှိပြီး n ဟာ စုံကိန်းဖြစ်ရင် ကိန်းလုံးအရေအတွက်က မဖြစ်တဲ့အတွက် $(x+y)^n$ ရဲ့အကျယ်ဖွင့်မှာ အလယ်ကိန်းလုံးတစ်လုံးသာရှိတယ်။

အခန်း(၄) Inequations အပိုင်းမှာတော့ Inequation တစ်ခုရဲ့ Solution set ကိုရှာတဲ့နည်းနှစ်နည်းကိုသိဖို့လိုတယ်။ ပုစ္ဆာမှာ ဘယ်နည်းနဲ့ရှာပါလို့ နည်းကိုသတ်မှတ်ပေးမထားရင် ကိုယ်ကြိုက်တဲ့နည်းနဲ့တွက်လို့ရတယ်။

အခန်း (၅) Sequences and Series နဲ့ပတ်သက်ပြီး Arithmetic Progression (AP) နဲ့ Geometric Progression (GP) နှစ်မျိုးကိုဖော်ပြထားတယ်။ Sequence (သို့မဟုတ်) Series တစ်ခုကိုပေးထားရင် အဲဒီ Sequence (သို့မဟုတ်) Series ဟာ AP လား GPလားဆိုတာ ခွဲခြားတတ်ဖို့ လိုတယ်။ AP တစ်ခုရဲ့ first term ကို a, common difference ကို d, nth term ကို u_n, sum to first n terms ကို S_n, last term ကို l နဲ့ သင်္ကေတပြုတယ်။ $u_n = a + (n-1)d$ ဖြစ်ပြီး $S_n = \frac{n}{2}(a + l)$ ဒါမှမဟုတ် $S_n = \frac{n}{2}\{2a + (n-1)d\}$ ဖြစ်တယ်။ GP အတွက်ကတော့ first term က a, common ratio က r, nth term $U_n = ar^{n-1}$ ဖြစ်ပြီး $r \neq 1$ အတွက် sum to first n terms $S_n = \frac{a(1 - r^n)}{1 - r}$ ဖြစ်တယ်။ $u_n = S_n - S_{n-1}$ ဆိုတဲ့ပုံသေနည်းဟာလဲ မှတ်ထားသင့်တဲ့ပုံသေနည်း တစ်ခု ဖြစ်တယ်။

$|r| < 1$ ဖြစ်တဲ့ infinite geometric series ရဲ့ပေါင်းလဒ် S ကိုရှာဖို့အတွက် $S = \frac{a}{1 - r}$ ဆိုတာလည်း မှတ်မိဖို့လိုတယ်။ ဒီအခန်းမှာ ပုံသေနည်းတွေကိုမှတ်မိမှသာ ပုစ္ဆာတွက်နိုင်မှာမို့ ပုံသေနည်းတွေကို အလွတ်ရအောင် ကျက်ထားရမယ်။ သက်ဆိုင်ရာသင်္ကေတတွေကိုလည်း မှန်မှန်ကန်ကန်သုံးတတ်ဖို့ အရေးကြီးပါတယ်။

အခန်း (၆) Matrices နဲ့ပတ်သက်ပြီး matrix ပါတဲ့ ညီမျှခြင်းတွေကို ဖြေရှင်းနိုင်ရမယ့်အပြင် အဓိကအနေနဲ့ system of linear equations ကို matrix သုံးပြီး ဖြေရှင်းတတ်ဖို့လိုတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ရာ မေထြိစ်ပေါင်းခြင်း၊ စကေလာတစ်ခုနဲ့မေထြိစ်မြှောက်ခြင်း၊ မေထြိစ်အချင်းချင်း မြှောက်ခြင်းတို့ကို သိရမယ့်အပြင် inverse ရှိတဲ့ 2 x 2 matrix တစ်ခုရဲ့ inverse ကိုရှာတတ်ရမယ်။ ဒါ့ကြောင့် 2 x 2 matrix တစ်ခုရဲ့ inverse ရှာဖို့ ပုံသေနည်းကိုမှတ်မိရမယ်။ 2 x 2 singular matrix ဆိုတာ inverse မရှိတဲ့ မေထြိစ်၊ တစ်နည်းပြောရရင် determinant တန်ဖိုး zero ဖြစ်တဲ့ မေထြိစ်ဆိုတဲ့အချက် ဟာလဲ သိသင့်တဲ့အချက်ဖြစ်တယ်။

အခန်း (၇)ရဲ့ ပထမပိုင်းဖြစ်တဲ့ Statistics အပိုင်းမှာတော့ ပေးထားတဲ့ ကိန်းတွေရဲ့ mean, median, mode တို့ကို ရှာတတ်ရမယ်။ ဒုတိယပိုင်းဖြစ်တဲ့ Probability အပိုင်းမှာတော့ experiment တစ်ခုရဲ့ possible outcomes နဲ့ favourable outcomes တွေကိုရှာဖို့ရာ tree diagram ဒါမှမဟုတ် table ဆွဲတတ်ရမယ်။

$$\text{Probability of an outcome} = \frac{\text{No.of favourable outcomes}}{\text{No.of possible outcomes}}$$

ဆိုတာသိရမယ်။ outcome တစ်ခုရဲ့ probability တန်ဖိုးဟာ 0 နဲ့ 1 ကြားမှာရှိပြီး 0 လည်း ဖြစ်နိုင်သလို 1 လည်းဖြစ်နိုင်တယ်။ A နဲ့ B ဟာ mutually exclusive outcomes တွေဖြစ်ရင် p(A or B)=P(A)+P(B) ဖြစ်ပြီး A နဲ့ B ဟာ independent outcomes တွေဖြစ်ရင်တော့ P(A and B)=P(A) . P(B) ဖြစ်တယ်။ ဒါ့အပြင် outcome A အတွက် P (not A) = 1–P(A) ဖြစ်တာကိုလည်း သိသင့်တယ်။

expected frequency နဲ့ ပတ်သက်ပြီး experiment တစ်ခုကို အကြိမ်ပေါင်းမြောက်မြားစွာ လုပ်တဲ့အခါမှာ ထွက်လာတဲ့ outcomes တွေထဲက outcome တစ်ခုရဲ့ expected frequency ကိုရှာခိုင်းရင် expected frequency of an outcome = P(that outcome) x number of trials ဆိုတဲ့ ပုံသေနည်းကို သိရမယ်။

အခန်း(၈) Circles အပိုင်းမှာတော့ သီအိုရမ်များကို သက်သေပြတတ်ရမှာဖြစ်သလို ပုစ္ဆာတွက်တဲ့အခါမှာ သုံးနိုင်ဖို့အတွက် သီအိုရမ်ရဲ့ ဖော်ပြချက် (Statement) များကိုလည်း မှတ်မိရမယ်။ တစ်ပြင်ညီတည်းပေါ်မှာရှိတဲ့ အမှတ်လေးခုConcyclic ဖြစ်စေဖို့ လိုအပ်ချက်နဲ့ လုံလောက်ချက်တို့ကို ဖော်ပြတဲ့ သီအိုရမ်တွေရဲ့ ဖော်ပြချက်တွေဟာလည်း သိသင့်တဲ့အချက်တွေဖြစ်တယ်။

အခန်း(၉) Areas of Similar Triangle နဲ့ ပတ်သက်ပြီး သဏ္ဌာန်တူ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ လိုက်ဖက်အနားနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အမြင့်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊လိုက်ဖက်ထောင့်ထက်ဝက်ပိုင်းမျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေ၊ လိုက်ဖက်အလယ်မျဉ်းနှစ်ခု အလျားများရဲ့ နှစ်ထပ်အချိုးနဲ့ဖြစ်စေတူတယ်ဆိုတဲ့ အချက်တွေကို သိထားရမယ်။ ဒီအခန်းက တချို့ပုစ္ဆာတွေ တွက်နိုင်ဖို့အတွက် အချိုးနဲ့ဆိုင်တဲ့ ဂုဏ်သတ္တိတွေကို ပြန်မှတ်မိဖို့လိုတယ်။

ဒါ့အပြင် နဝမတန်းမှာသင်ခဲ့ရတဲ့ အခြေတူတြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ အမြင့်မျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူပြီး အမြင့်တူတဲ့ တြိဂံနှစ်ခုရဲ့ ဧရိယာအချိုးဟာ အခြေမျဉ်းနှစ်ခု အလျားများရဲ့ အချိုးနဲ့တူတယ်ဆိုတာကိုလဲ ပြန်မှတ်မိရမယ်။

အခန်း(၁၀)မှာ Vector အပိုင်းနဲ့ Transformation အပိုင်းဆိုပြီး နှစ်ပိုင်းဖော်ပြထားတယ်။ Vectors နဲ့ ပတ်သက်ပြီး အခြေခံအချက်တစ်ခုက Triangle Law of Addition ဖြစ်တယ်။ Geometry ပုစ္ဆာတချို့ကို Vector သုံးပြီး သက်သေပြခိုင်းရင် ပြတတ်ရမယ်။ Position Vector တွေနဲ့ပတ်သက်ပြီး အမှတ်တစ်ခု A ရဲ့ Position Vector ဟာ <u>OA</u> ဖြစ်ပြီး <u>AB</u> ကို A နဲ့ B တို့ရဲ့ Position vectors တွေနဲ့ဖော်ပြရင် <u>AB</u> = <u>OB</u> – <u>OA</u> ဖြစ်တယ်ဆိုတာကို သိထားရမယ်။ Transformation geometry နဲ့ပတ်သက်လို့ကတော့ reflection about x–axis, reflection about y-axis, rotation နဲ့ translation တို့ကို ကိုယ်စားပြုတဲ့ matrix အသီးသီးကို အလွတ်မှတ်မိဖို့ လိုအပ်ပါတယ်။ အဲဒီ matrix တွေနဲ့ပတ်သက်ပြီး(၁)မှတ်တန်မေးလေ့ရှိတယ်။

Trigonometry နဲ့ပတ်သက်တဲ့ အခန်း(၁၁)မှာ degree measure နဲ့ radian measure တို့ရဲ့ ဆက်သွယ်ချက်ဖြစ်တဲ့ $180^\circ = \pi$ radian ဆိုတဲ့ အခြေခံအချက်ကိုသိထားရမှာ ဖြစ်သလို circle တစ်ခုရဲ့ arc length, $s = r\theta$ နဲ့ Area of a sector $A = \frac{1}{2} r^2\theta$ ပုံသေနည်းနှစ်ခုကို မှတ်မိရပါမယ်။ ထောင့်မှန်ကျဉ်း၊ ထောင့်ကျယ်တြိဂံတွေကို ဖြေရှင်းဖို့အတွက် Law of Sine နဲ့ Law of Cosine တို့ရဲ့ ဖော်ပြချက်တွေကိုလဲ သိထားရမယ်။ Trigonometry identities တွေ သက်သေပြခြင်း၊ ညီမျှခြင်းတွေ ဖြေရှင်းခြင်းတို့ဟာလည်း သိထားသင့်တဲ့အချက်တွေ ဖြစ်တယ်။

နောက်ဆုံးအခန်းဖြစ်တဲ့ အခန်း(၁၂) Calculus အပိုင်းမှာတော့ အခြေခံအချက်တွေအနေနဲ့ function ရဲ့ limit ရှာခြင်းနဲ့ algebraic function, trigonometric function, exponential function နဲ့ logarithmic function တွေရဲ့ derivative တွေကို ရှာတတ်ဖို့လိုပါတယ်။ ဒါတွေကို သိထားမှသာ Application အပိုင်းမှာပါတဲ့ stationary point, maximum နဲ့ minimum တွေကို ရှာနိုင်မှာ ဖြစ်တယ်။

အခန်းအသီးသီးမှာပါတဲ့ အခြေခံအချက်တွေကို မှတ်မိဖို့ရာ ပုစ္ဆာများကို ကိုယ်တိုင်တွက်ကြည့်ဖို့လိုအပ်တယ်။ ဆရာ ဆရာမတွေ တွက်ပြတာကို မျက်စိနဲ့ကြည့်ရုံနဲ့ မှတ်မိဖို့ရာ မလွယ်ပါဘူး။ ကိုယ်တိုင်တွက်ကျင့်မရှိရင် စာမေးပွဲခန်းထဲရောက်တဲ့အခါမှာ အခက်အခဲရှိတတ်ပါတယ်။ ဒါကြောင့် ဓမ္မဓိဋ္ဌာန်မေးခွန်းတွေကို မိမိကိုယ်တိုင် တတ်နိုင်သလောက်လေ့ကျင့်ပါ။ (၃)မှတ်တန်၊ (၅)မှတ်တန် မေးခွန်းများကိုလည်း အလေ့အကျင့်ရအောင် တွက်ကြည့်ပါလို့ တိုက်တွန်းလိုပါတယ်။ အလေ့အကျင့်ရ စေဖို့အတွက် မေးခွန်းဟောင်းများနဲ့ လေ့ကျင့်ပါလို့ ပြောလိုပါတယ်။

ဒီနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲဟာ စနစ်သစ်သင်ရိုးနဲ့ တတိယအကြိမ်စစ်မှာ ဖြစ်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စာမေးပွဲမေးခွန်းပုံစံကို တွေ့ဖူးပြီးသား ဖြစ်ပါလိမ့်မယ်။

Section A က multiple choice မေးခွန်းများဖြစ်တယ်။ မေးခွန်းပေါင်း(၂၅)ပုဒ်မေးထားပြီး တစ်ပုဒ်ကို တစ်မှတ်ပေးတဲ့အတွက် စုစုပေါင်း၂၅မှတ်ဖြစ်တယ်။ ကျောင်းသူ၊ ကျောင်းသားတိုင်း **မဖြေမနေရ၊ ဖြေရမယ့် Section** ဖြစ်တယ်။

Section B မှာ မေးခွန်း (၅)ပုဒ်ပေးထားတယ်။ မေးခွန်းတစ်ခုဟာ (၃)မှတ်တန်မေးခွန်းဖြစ်တဲ့အတွက် စုစုပေါင်း ၁၅မှတ်ဖြစ်တယ်။ ဒီ Section ဟာလဲ **choice မရှိဘဲ အားလုံးဖြေရမှာ** ဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ အခန်း(၁၂)ခန်းထဲက ကြိုက်ရာအခန်းရဲ့ အခြေခံအချက်တွေအပေါ်မှီပြီးမေးမယ့် မေးခွန်းတွေ ဖြစ်တယ်။

Section C မှာကတော့ (၁၀) မှတ်တန်မေးခွန်း စုစုပေါင်း (၉)ပုဒ်မေးထားပြီး **ကြိုက်ရာ (၆)ပုဒ်ကို ဖြေရမှာ** ဖြစ်တယ်။ တစ်ပုဒ်စီမှာ (a) နဲ့ (b) ဆိုပြီး အပုဒ်ခွဲမေးတတ်သလို တစ်ခါတစ်ရံမှာတော့ မခွဲဘဲ မေးတာလဲရှိနိုင်တယ်။ တစ်ပုဒ်ကို (a) နဲ့ (b) ခွဲထားရင်တော့ (a) အတွက်(၅)မှတ်၊ (b) အတွက် (၅)မှတ်ပေးပြီး (a), (b) ခွဲမထားရင်တော့ တစ်ပုဒ်လုံးကို (၁၀)မှတ်ပေးတယ်။ စုစုပေါင်း ခြောက်ပုဒ် ဖြေခိုင်းတဲ့အတွက်အမှတ်စုစုပေါင်းက ၆၀ဖြစ်တယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ပြည်လုံးချမ်းသာအောင်စေတီတော်ကြီး ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၂၄

ဖျာပုံမြို့နယ် ကနိကျေးရွာတွင် ၁၂၇၁ ခုနှစ်မှ စတင်တည်ထားကိုးကွယ်ခဲ့သည့် ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးအား အောင်မြေချမ်းသာရကျောင်းတိုက် မဟာဘုံစံကျောင်း ကနိလူငယ်ဖွံ့ဖြိုးရေးပရဟိတ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၏ သြဝါဒကိုခံယူလျက် ၁၃၆၅ ခု တပေါင်းလပြည့်နေ့ နံနက်ပိုင်း၌ သံမဏိအောက်ခံရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အသစ်တင်လှူပူဇော်ခြင်းနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ စုပေါင်းရေစက်ချအခမ်းအနား ကျင်းပမည်ဖြစ်သည်။

စေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်မှုအတွက် လှူဒါန်းလိုပါက ကနိကျေးရွာ ထီးတော်သစ် တင်လှူရေးကော်မတီ ဖုန်း ၀၄၅–၄၀၄၅၉ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ထီးတော်တင်လှူပွဲသို့ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးအသင်း ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်

ကျိုက်လတ် ဖေဖော်ဝါရီ ၂၇

ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ ဖေဖော်ဝါရီ ၂၂ ရက်က အသက်(၈၀)အထက်ဘိုးဘွား၅၁ဦးအား တိလောကမာရဇိန် ဘုရားတန်ဆောင်းတွင် ဆေးဝါးကုသပေးခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့် အလှူငွေများ ပေးအပ်ခြင်းတို့ကို ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားသို့ အလှူရှင် ဦးကင်ဟန်–ဒေါ်ကျင်သန်း(ရွှေဒေါင်းဆန်စက်ပိုင်ရှင်)မှ ငွေကျပ်ငါးသောင်း၊ ဦးကြည်စွမ်း–ဒေါ်တင်တင်ဝင်း (ပတ္တမြားဆန်စက်ပိုင်ရှင်)မှ ငွေကျပ်ငါးသောင်း၊ မြို့နယ်မှ အလှူရှင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်နှစ်သိန်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ထေရဝါဒကျောင်းတော်ကြီး အုတ်မြစ်စီမင်္ဂလာ ကျင်းပမည်

ပဲခူး ဖေဖော်ဝါရီ ၂၈

ပဲခူးမြို့ ဥသျှောင်မြို့သစ် ရန်ကုန်–မန္တလေး ကားလမ်းမဘေးတွင် ဓမ္မာလင်္ကာရ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ကိုယ်တော်တိုင် ဦးစီးဦးဆောင်မှုဖြင့် သွန်းလောင်း ပြုလုပ်တော်မူသည့် ပဲခူးမြို့ ကျက်သရေဆောင် ဥဇ္ဇတော် ၃၇ ပေအမြင့်ရှိ တမ္ပလောဟာ မဟာမုနိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးတော်မူရန် စံကျောင်းတော်ကြီးဖြစ်သည့် ထေရဝါဒ ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရန် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့် (မတ် ၅ ရက်) သောကြာနေ့ နံနက် ၇ နာရီတွင် တမ္ပလောဟာ မဟာမုနိ ရုပ်ပွားတော်ကြီးဝင်း ပဲခူးဒီဂရီကောလိပ်ရှေ့၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြင်ဦးလွင် ခရိုင်ဆေးရုံသို့ အလှူငွေပေးအပ်ပွဲ ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၄

ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမတွင် ကျင်းပရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ခင်မောင်သွင်၊ ခရိုင်သမားတော်ကြီး ဒေါက်တာအောင်ဆန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးခင်မောင်မြင့် (အထွေထွေယာဉ်ပြင်) မိသားစုမှ ငွေကျပ် ၃၀၀၀၀၀၊ ဦးစောရီ–ဒေါ်စောခင်လေးတို့က ငွေကျပ် ၂၀၃၀၀၊ ဗိုလ်မှူးမြသွင် (ငြိမ်း) ဒေါ်နန်းရွှေဥ (နောင်ချို) မိသားစုမှ ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၃၀၃၀၀ ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သွင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ရေတွင်းလှ ရေလှောင်တမံဖွင့်

ပန်းတောင်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် တလုပ္ပင်ကျေးရွာအုပ်စု ရေတွင်းလှ ရေလှောင်တမံ ရေပိုလွှဲနှင့် ရေတံခါးဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါ တမံအနီးမဏ္ဍပ်တွင် ကျင်းပသည်။

ဖွင့်လှစ်

အစီအစဉ်အရ ရေတွင်းလှရေလှောင်တမံ ဖွင့်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်၊ အုပ်စုဥက္ကဋ္ဌ ဦးသောင်းမြင့်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းရင်းသား တိုင်းရင်းသူ၊ ကျောင်းသား၊ ကျောင်းသူတို့က ရွှေကြိုးဆွဲ၍လည်းကောင်း၊ တိုင်းခွဲအုပ်ချုပ်ရေးမှူး ဦးဖေသန့်က မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ရေတွင်းလှ ရေလှောင်တမံ ရေပိုလွှဲနှင့် ရေတံခါးသည် ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၂သိန်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် ပစ္စည်း၊ လုပ်အား၊ ငွေသားတန်ဖိုး ခြောက်သိန်း စုစုပေါင်း ကျပ် ၁၈ သိန်းဖြင့် တည်ဆောက်ခဲ့ရာ သောက်သုံးရေ ရှားပါးခြင်းကို ဖြည့်စွမ်းနိုင်ပြီး မိုးကောင်းသော လယ်မြေများ အောင်ရေလိုအပ်ချက်ကို ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက် မြေနီလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ပြည် ဖေဖော်ဝါရီ ၁၅

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျပ်၁၂၇၉၂၃၀၀၊ ပြည်သူထည့်ဝင်ငွေ ကျပ်၁၈၁၄၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၆၀၆၃၀၀ဖြင့် အရှည်ပေ ၂၃၂၅၀၊ အကျယ် ၁၀ ပေရှိ နဖားအင်း – ကြခတ် – ရွှေဝါမြေ ကျေးလက် မြေနီလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းမုခ်ဦးတွင် ဖေဖော်ဝါရီ၂၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။ **(အောက်ဝဲပုံ)**

တက်ရောက်

ယင်းလမ်းကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်မှုထမ်းဟောင်း၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တောင်သာနယ်၌ မီးဘေးကာကွယ်ရေး လေ့ကျင့်

တောင်သာ ဖေဖော်ဝါရီ ၂၆

တောင်သာမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီ အရောင်းဆိုင် အမှတ် (၀၃၄၆) မီးဘေးကာကွယ်ရေး အစမ်းလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးဝင်းနှင့် ဆိုင်မန်နေဂျာ ဦးကြည်ဝင်းတို့ ဦးဆောင်၍ ဝန်ထမ်းများ မီးဘေးကာကွယ်ရေး အစမ်းလေ့ကျင့်မှုများ ပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

မြို့နယ်မီးသတ်ဦးစီးမှူးက မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံနှင့် မီးလောင်မှု ဖြစ်ပွားပါက ဦးစားပေးလုပ်ရမည့် အချက်များ ပြောကြားပြီး ဆိုင်မန်နေဂျာက ဆိုင်ဝင်းအတွင်း မီးဘေးကြိုတင် ကာကွယ်ထားရှိမှုနှင့် ဝန်ထမ်းများ တာဝန်ခွဲဝေမှုအား ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ်ပြန်/ဆက်)

ကြခင်းဓမ္မဒူတ တရားစခန်းပွဲ

ကြံခင်း ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ကြံခင်းမြို့ ရွာသစ်ရပ်ကမ္ဘာလုံးဓမ္မဒူတရိပ်သာ ကျောင်းတိုက်အတွင်း၌ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော ဓမ္မဒူတ ခုနစ်ရက် တရားစခန်းပွဲတွင် တောင်စွန်းဓမ္မဒူတအရှင်ဝိမလ(သာသနဓဇ ဓမ္မာစရိယ၊ သဒ္ဓမ္မနေပုည (ဓမ္မာစရိယ)နှင့် ဓမ္မဒူတအရှင်ဉာဏာလင်္ကာရ (ရွှေညောင်ပင်)တို့က မတ် ၂၄ ရက်မှ ၃၁ ရက်ထိ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ **(က–ပ)**

တာချီလိတ်တွင် စည်ပင်လုပ်ငန်းများ စစ်ဆေး

တာချီလိတ် ဖေဖော်ဝါရီ ၂၃

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖြစ်သော မိုင်းကိုးကျေးရွာအုပ်စု မောတ္တိ–ကျကူနီ ကျေးလက်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် တာချီလိတ်မြို့ မြို့မစျေးသန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

စာမျက်နှာ ၁၅ မှအဆက်

၂၀၀၂ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်မေးခွန်းတွေကို အခြေခံပြီး ဖြေပုံဖြေနည်းကို ပြောပြမယ်။ Section A မှာ ကြည့်ရင် Answer all questions. **Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer** လို့ ဖော်ပြထားတာတွေ့ရမယ်။ Answer all questions မေးခွန်းအားလုံးကို ဖြေရမယ်။ Choose the correct or the most appropriate answer for each question ဆိုတာက မေးခွန်းတစ်ခုစီအတွက် အဖြေမှန် ဒါမှမဟုတ် အမှန်ကန်ဆုံးအဖြေကို ရွေးရမယ်။ Write the letter of the correct or the most appropriate answer ဆိုတာက အဖြေမှန် ဒါမှမဟုတ် အမှန်ကန်ဆုံးအဖြေကို ကိုယ်စားပြုတဲ့ **အက္ခရာကို ရွေးခိုင်းတာဖြစ်တယ်။** Section A က မေးခွန်းတွေကိုကြည့်ရင် တစ်ပုဒ်စီမှာ အဖြေငါးခုပေးထားပြီး အဖြေတစ်ခုစီကို capital letters A,B,C,D,E တစ်ခုစီနဲ့ ကိုယ်စားပြုထားတာတွေ့ရလိမ့်မယ်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ အမှန်ကန်ဆုံးအဖြေကို ကိုယ်စားပြုတဲ့ Capital letter ကို ရွေးရမှာဖြစ်တယ်။ **Capital letter အစား small letter ကို ရေးရင် အမှတ်လုံးဝမပေးပါဘူး။** အဲဒီအချက်ကို အထူး သတိထားရမှာ ဖြစ်တယ်။

Section B မှာ မေးထားတဲ့မေးခွန်း(၅)ပုဒ်အတွက် အဖြေမှန်ရဖို့အရေးကြီးသလို တွက်နည်းမှန်ဖို့လည်း လိုအပ်ပါတယ်။

Section C မှာ မေးခွန်း(၉)ပုဒ်ပေးထားပြီး ကြိုက်ရာ(၆)ပုဒ်ဖြေခိုင်းတဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ မဖြေခင်မှာ ကိုယ်အဖြေနိုင်ဆုံးဖြစ်မယ်ထင်တဲ့ ပုစ္ဆာကို အရင်ရွေးဖြေသင့်ပါတယ်။ ပုစ္ဆာနံပါတ် အစဉ်လိုက်ဖြေဆိုစရာမလိုပါဘူး။ ကိုယ်ဖြေမယ့် ပုစ္ဆာရဲ့နံပါတ်ကို မှန်အောင်တပ်ဖို့သာ လိုအပ်တယ်။ ဒီ section မှာ ပြဋ္ဌာန်းစာအုပ်က အခန်း(၁၂)ခုလုံး အကုန်ခြုံမိအောင် ပုစ္ဆာတွေကို မေးထားတာဖြစ်တယ်။

အခုဆက်ပြီး စာမေးပွဲဖြေတဲ့အခါ ယေဘုယျအားဖြင့် သတိပြုရမယ့် အချက်တွေကို ပြောပြမယ်။ စာမေးပွဲဖြေတဲ့အခါ Section A, Section B, Section C သုံးခုအနက် ကြိုက်တဲ့ section ကို အရင်ဖြေနိုင်တယ်။ သတိထားဖို့က ကိုယ်ဖြေတဲ့ **ပုစ္ဆာနံပါတ်ကို မှန်မှန်ရေးဖို့** ဖြစ်တယ်။

Section C ကို ဖြေဆိုတဲ့အခါမှာ(၉)ပုဒ်ထဲက ကြိုက်တဲ့(၆)ပုဒ်ကို ရွေးဖြေခိုင်းတဲ့အတွက် **(၆)ပုဒ်တိတိကျကျဖြေဖို့** ပြောလိုပါတယ်။ အပုဒ်ပိုဖြေတဲ့အတွက် အမှတ်ပိုမရနိုင်သလို တစ်ခါတစ်ရံ ရသင့်တဲ့အမှတ်ထက်လျော့သွားတာလည်း ရှိတတ်ပါတယ်။ နောက်တစ်ချက်က ပုံဆွဲပေးထားတဲ့ ဘယ်ပုစ္ဆာကိုပဲ တွက်တွက် **အဖြေစာအုပ်မှာ ပုံပြန်ကူးဆွဲ**ပြီးမှ ဖြေရမှာဖြစ်သလို ပုံဆွဲတွက်ရမယ့် ပုစ္ဆာကိုတွက်ရင်လည်း အဖြေလွှာပေါ်မှာ ပုံဆွဲပြီးမှ တွက်ရပါမယ်။ အဲဒီလို ပုစ္ဆာမျိုးတွေအတွက် **ပုံမပါရင် အမှတ်လုံးဝမပေးဘူး** ဆိုတာသိစေလိုပါတယ်။

သင်္ချာမေးခွန်းလွှာဟာ (၃)နာရီမေးခွန်းဖြစ်တဲ့အတွက် ပေးထားတဲ့အချိန်အတွင်းမှာ အပြီးဖြေနိုင်ဖို့ရာ စာမေးပွဲမဖြေမီ အထပ်ထပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ၂၀၀၂ခုနှစ်နဲ့ ၂၀၀၃ခုနှစ် မေးခွန်းဟောင်းများကို အချိန်နဲ့ကိုက်ပြီး ဖြေဆိုကြည့်ဖို့ တိုက်တွန်းလိုပါတယ်။

သင်္ချာဘာသာဟာ တွက်စာဖြစ်တဲ့အတွက် ဂုဏ်ထူးရဖို့ရာ လက်ရေးလှဖို့မလိုအပ်ပါဘူး။ လက်ရေးသေသပ်ခြင်း၊ ဂဏန်းများပီသခြင်း၊ တွက်နည်းမှန်ကန်ခြင်း၊ အဖြေမှန်ခြင်းများကသာ အဓိက ဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရအောင် ဖြေဆိုနိုင်ပြီး ထူးချွန်စွာ အောင်မြင်ကြပါစေလို့ ဆုတောင်းရင်း ရပ်နားလိုက်ပါတယ်။ ။

Silver Seagull Travel Group
Air Bag
Restaurant
Hotel
Guide Service
Medical care

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

သထုံမြို့၊ ရွှေစာရံဘုရားလမ်းနေ
ဦးကောင်းရင်-ဒေါ်မြင့်သိန်းတို့၏သား
ဒေါက်တာမင်းသော် M.B.,B.S (Ygn) MD (U.S.A)
နှင့်
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်နေ
(ဦးသိန်း-ဒေါ်ဌေးကျင်)တို့၏သမီး
မအေးအေးမော် B.A (Hons) (English)
တို့သည် ၂၃-၁၂-၂၀၀၃ရက်တွင် Dusit Inya Lake Hotel၌ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမင်းသော်-မအေးအေးမော်။

မွေးနေ့ဆုတောင်းလွှာ

၂-၃-၂၀၀၄ရက်နေ့တွင်ကျရောက်သော ချစ်ဖေဖေကြီး **ဦးအောင်မိုးဦး**(မြို့နယ်အခွန်ဦးစီးမှူး၊ ယာဉ်စီမံချက်)၏မွေးနေ့နှင့် ၁-၃-၂၀၀၄ ရက်နေ့တွင်ကျရောက်သော ချစ်မေမေကြီး **ဒေါ်ဥမ္မာမြင့်**၏ မွေးနေ့တို့မှသည် နောင်မွေးနေ့ပေါင်းများစွာတိုင်အောင် သမီးကြီး၊ သားငယ်တို့နှင့်အတူ ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာ ပိုင်ဆိုင်နိုင်ပါစေ---။

သမီးကြီး- မေကြိုင်ကြိုင်မိုးဦး
သားငယ်- ကျော်စည်သူမိုးဦး
(အထက-၂၊ စမ်းချောင်း)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်။
၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်

၁။ ၂၀၀၄ခုနှစ်၊ မတ်လ(၁၃)ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ မြေညီထပ်တွင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် ကောင်တာများရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

၂၀၀၄-၀၅ ပျော်ကန်ပွဲ

T.A.G Training Center
U.S မှ School age child-care management
Summer School 2004
8 March to May

Air Con Bus
Standard Hotel
Restaurant
Guide Service
Medical Care
Mar-5 Mar-5 Mar-20
Mar-5 Mar-5 Mar-5
(Air Line) Mar-18 Mar-25
510491

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ရန်ကုန်တိုင်း၊ ကျောင်းကျန်းမာရေးကော်မတီက ချီးမြှင့်သော ၂၀၀၂-၂၀၀၀၃ ပညာသင်နှစ်တွင် တိုင်းအဆင့် **ကျောင်းကျန်းမာရေးအဆင့်မြင့် စံပြပထမဆု**နှင့် ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် **တိုင်းအဆင့်ကျောင်းကျန်းမာရေးအဆင့်မြင့် စံပြထူးချွန်ဆု**ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြသော ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်သူနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် **တိုင်းအဆင့် ကျောင်းကျန်းမာရေး အဆင့်မြင့် စံပြဆရာမဆု** ရရှိသော ဆရာမ ဒေါ်စောသီတာမိုးအားလည်းကောင်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့
အလက(၁)ဒဂုံ။

TNT
March 4, April 2
March 5, 26 Aircon Express
March 20, 27 Hotel, Restaurant
Booking

G.G.A ကျောက်မျက်သင်တန်း

KM LANGUAGE & BUSINESS CENTRE
Start on 8th March 2004

အမြန်ရောင်းမည်

မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ (၃)ထပ်၊ 17'x83'ရှေ၊ မီးကိုယ်ပိုင်၊ အဆင့်မြင့်ပြင်ဆင်ပြီး။ (ပွဲစားမလို)

ဖုန်း-၅၁၃၆၁၇။

SUPER
CAR RENTAL
249301, 0980 21801

Myanmar ELE Steel Industries (MES)
၁။ B.E (Mechanical)
Factory Manager
၂။ AGTI (Mechanical)
၃။ B.E (Electrical)
၄။ B.E (Civil)
C.V

CRANE

ASIA Language & Business Academy
(Your Passport to Success)
(All classes are taught by foreign teachers)
English Classes available for
- Adult students
- Regular Young Learners (Age 5-13)
Cambridge (UK) recommended courses
66, 3rd Fl, Shwedagon Pagoda Road, Dagon Township, Yangon
Email: aiba@myanmar.com.mm
(Age 5-14)
American Hotline Course
Summer School
Enroll Now!
Fees in Kyats

ဝင်းလုံ ရတနာရွှေဆိုင်
09-80-23279

မင်းသိခ် ပြည်ကြီးမဏ္ဍိုင်မြကြီး

MCC STANDARD
Business and Training Centre
"Summer Course 2004"
8th March 2004
Section

သွေးမကြာခဏသွင်းရသော ဝေဒနာရှင်များဝမ်းမြောက်စွယ်

(၂-၃-၂၀၀၄)

(၄)နှစ်ပြည့် ဆုတောင်းမေတ္တာ

ဒေါ်မူမူ(မာမီမူ)

၂-၃-၂၀၀၀နေ့တွင် ချစ်သောမိသားစုအား အမြဲခွဲခွာသွားခဲ့ရတဲ့ မေတ္တာရှင်သူတစ်ပါးအား သိမ်မွေ့စွာဆက်ဆံကူညီတတ်သူ မာမီမူရဲ့ နမူနာကောင်းနဲ့ ကျေးဇူးအနန္တ ကို မေ့မရနိုင်ကြပါ။ မာမီရဲ့မေတ္တာရိပ်ဟာ အေးမြလုံခြုံနေဆဲပါ။ မာမီဟာ ကျန်ရစ်သူခင်ပွန်းနှင့် မိသားစုတို့ရဲ့ရင်ထဲမှာ အမြဲရှင်သန်နေမှာဖြစ်ပါတယ်။ မာမီရောက်ရှိရာတွင် ငြိမ်းအေးခြင်းရှိပါစေ။ မာမီအတွက် ရည်စူးပြုလုပ်ကြတဲ့ ဒါန၊ သီလ၊ ဘာဝနာနဲ့ ဝိပဿနာကုသိုလ်အစုစုအတွက် အမျှပေးဝေပါတယ်မာမီရယ်၊ရောက်ရှိရာဘုံဘဝမှသာဓုများစွာခေါ်နိုင်ပါစေ-။

ခင်ပွန်းဗိုလ်မှူးကြီးလှဘူး(ငြိမ်း)နှင့် သားသမီးမြေးများ။

ဝမ်းနည်းကြေကွဲခြင်း

မြိတ်မြို့၊ နောက်လယ်ရပ်(၃)လမ်း၊ အမှတ်(၁၀၆)နေ ဦးတင်မြင့်-မသီသီထွန်းတို့၏ ဖခင်ဦးအောင်မြင့်သည် ၂၇-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

ကိုသောင်းမြင့်နှင့် မိတ်ဆွေများ (မြိတ်)။

နာရီဆိုလျှင်....ချယ်ရီဦး

ချယ်ရီဦးနာရီအရောင်းပြခန်းအမှတ်(၂)(ယုဇနပလာဇာ)မှ

(၅)နှစ်ပြည့် အထိမ်းအမှတ်အထူးအစီအစဉ်ဖြင့် ကုမ္ပဏီဝန်ထမ်းများအတွက်ဂုဏ်ပြုလက်ဆောင် ချီးမြှင့်လိုသူများ၊ မင်္ဂလာလက်ဖွဲ့ပေးလိုသူများ၊ မွေးနေ့လက်ဆောင်ပေးလိုသူများအတွက် နာရီဒီဇိုင်းအသစ်အဆန်းများကို

အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။

အထူးအစီအစဉ်အဖြစ် အမှတ်တံဆိပ်၊ အမည်၊ ဓာတ်ပုံနှင့် ရုပ်ပုံများကို အမှတ်တရ အနေဖြင့် ရေးထိုးပေးနေပြီဖြစ်ကြောင်း မိတ်ဆွေမိတ်သင်္ဂဟများအား သတင်းကောင်းပေးလိုက်ပါသည်။

ဖုန်း-၂၀၀၇၄၇-လိုင်းခွဲ ၂၆၂၆

ဝမ်းနည်းကြေကွဲခြင်း

ဦးသာဖေလှ(၅၄)နှစ်

ဒုတိယညွှန်ကြားရေးမှူး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း (၁၅/ဘီ) ဆရာများရိပ်သာနေ ဒေါ်သန်းသန်းဝင်း (ပါမောက္ခ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန)၏ ခင်ပွန်း ဦးသာဖေလှသည် ၂၄-၂-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

Ph.D Electrical Power 1st and 2nd Batch

သင်တန်းသူ၊သင်တန်းသားများ။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်နည်းပညာတက္ကသိုလ်လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနမှ ပါမောက္ခ ဒုတိယဌာနမှူး ဆရာမဒေါ်သန်းသန်းဝင်း၏ခင်ပွန်း ဦးသာဖေလှ(ဒုတိယညွှန်ကြားရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)သည် ၂၄-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန

ပါမောက္ခဌာနမှူး၊ ဝန်ထမ်းများနှင့်

ME(ပုံမှန်)သင်တန်းသားများ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

1.Sales & Marketing Manager **ကျား(၁)ဦး**

ဘွဲ့ရ၊ အရောင်းနှင့်ဈေးကွက်အတွေ့အကြုံအနည်းဆုံး(၅)နှစ် အသက်(၃၀မှ၃၅)နှစ်အောက်၊ အချိန်မရွေး နယ်ခရီးသွားနိုင်သူဖြစ်ရသည်။

2.Salesman **ကျား(၂)ဦး**

ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ အရောင်းလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်၊ လိုအပ်ပါက နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။ ယာဉ်မောင်းကျွမ်းကျင်သူဦးစားပေးမည်။

3.Sales Admin **မ(၁)ဦး**

ဘွဲ့ရ၊ အသက်(၂၅မှ၃၀)နှစ်အောက်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။ Internet, E-Mailအတွေ့အကြုံရှိရမည်။

4.Marketing Assistant **ကျား(၁)ဦး**

ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ Marketing လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

စိတ်ပါဝင်စားသူတိုင်း ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ အပြည့်အစုံပူးတွဲ၍ အောက်ပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

United Pacific Co.,Ltd.

အမှတ်(၂၅/A-8)၊ စိမ်းလဲ့ရိပ်သာလမ်းသွယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကားရောင်းမည်

၄ခ/၁၃---ကျော်

RE.8 NISSAN

၄၉ယောက်စီး လေအိပ်ဘတ်စ်

Ph: 639466. Ext . 365

639486 ဦးစိုးဝင်း။

ကိုဇော်ဇော်(ခ)

နန်ဒစ်ကူးမား(ရ်)တီဝါရီ

အသက်(၃၀)

အထက(၃)၊ ကျောင်းသားဟောင်း၊

သန်လျင်

B.A (History), University of East Yangon (First Batch)

ရန်ကုန် တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ ရှရီရှရီရာမလက္ခဏဘုရားကျောင်းဝင်းနေ (ဦးပါဒ-ဒေါ်လချမီး) တို့၏ သားငယ်၊ ဦးမောင်မောင်-ဒေါ်ကမလာ၊ ဦးစံသိန်း-ဒေါ်လှလှမြင့်၊ ဦးကျော်မြင့် (ခ) ဦးမွတ်နား- ဒေါ်ခင်ခင်လှ၊ ဦးမောင်ချို-ဒေါ်ခင်မိုးဦး၊ ဦးစိုးမြင့်-(ဒေါ်မာလာ)၊ ဦးကျော်ကျော်(ခ)စေခဲလ်တို့၏ ညီ/မောင်၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၂၇-၂-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ဗိုလ်ချုပ်ရှာသုသာန်၌ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

အလွှာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်စာရာဘီဘီ(ခ)

ဒေါ်ချိုချို

အသက်(၅၈)နှစ်

ဝတ္ထုဇာတ်ညွှန်း တက္ကသိုလ်ချိုချို

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် အမှတ်-၀၅၉၃၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂၉၇)၊ မဟာဗန္ဓုလ ပန်းခြံလမ်းနေ (မိုဟာမက်ဟာရှင်နဂရ်စေးတ်(ခ)ဦးလှရွှေ)နှင့် [ခိုင်ရှန်ဘီဘီ(ခ)ဒေါ်သန်းကြည်]တို့၏ သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၅၄)၊ဗိုလ်ဆွန်ပက်လမ်းနေ [အဗ္ဗဒူရှကူးအီစမိုင်(ခ)ဦးဘမြင့်]နှင့် ဟာဂျီမဒေါ်မိုင်မွန်နာဘီ(ခ)ဒေါ်မိမိတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ ခြံအမှတ်(၄)နေ ဟာဂျီ ဦးယူစွတ်အဗ္ဗဒူရှကူးအီစမိုင်(ခ)ဦးမျိုးမြင့်အောင်(ရုပ်ရှင်ဒါရိုက်တာ)၏ ချစ်လှစွာသော ဇနီး၊ ဟာဂျီမ မခင်သန္တာအောင်-ဟာဂျီမောင်ဌေးမောင်၊ မစောမြတ်စန္ဒာအောင် - မောင်အောင်ဆန်းမင်း၊ မောင်ဟိန်းဇော်မျိုးအောင်တို့၏ မွေးသမိခင်၊ မြေး သုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၈-၂-၂၀၀၄ (စနေနေ့) နံနက် ၆:၃၀နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးလှထွန်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ်(၄၀၂)Aနေ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ မအိဖြူထွန်း(YOMA BANK)၊ မောင်ကျော်ဇေယျာထွန်း၊ မောင်စိုးငြိမ်းကျော်တို့၏ဖခင် ဦးလှထွန်းသည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အဖေကြီး-ဦးအေးဖေ၊ အမေကြီး-ဒေါ်ခင်မြသိန်း

ဂျိုးဖြူသာသနာပြုအဖွဲ့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊

ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၅)၊ အလုံ၊ ဌာနာလမ်းနေ(ဦးမောင်မောင်)၏ ဇနီး၊ ဒေါ်ခင်ခင်နွဲ့၊ ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာမေမာလာဆွေ(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန-ဒေါ်ရီသန်း၊ ဒေါ်ဝင်းဝင်းမာ၊ လက်ထောက်ညွှန်ကြားရေးမှူး(လဝက)-ဦးမောင်မောင်လတ်တို့၏ ကျေးဇူးရှင်မိခင်၊ ဒေါက်တာဝါဝါဝမ်းမောင်-ဒေါက်တာကျော်စိုးကျော်၊ ခင်သန္တာ ထွန်း၊ ဇင်မာသန်း၊ စုစုအောင်၊ ယဉ်မင်းထွန်း၊ မေသူလတ်၊ မောင်ချမ်းငြိမ်း(ဆေး-၁)၊ ညီညီထွန်း၊ စိုးမိုးနိုင်(တက္ကသိုလ်လေ့ကျင့်ရေးကျောင်း)တို့၏ အဘွားနှင့် ခင်ခင်စိုး၏ အဘွား ဒေါ်ခင်ရီသည် ၁-၃-၂၀၀၄ရက် ည၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ရီ (၈၅)နှစ်

ဒေါက်တာဝမ်းမောင် (ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာဒေါ်မေမာလာဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)၏မိခင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမှ ဒေါက်တာဝါဝါဝမ်းမောင်၏ အဘွားသည် ၁-၃-၂၀၀၄ရက်တွင်ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။ **ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းမိသားစု။**

ဦးအုန်းကြိုင်
အသက်(၇၃)နှစ်
စက်ခန်းအုပ်(ငြိမ်း)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

သာကေတမြို့၊(၁)ရပ်ကွက်၊အနော်မာ(၇) လမ်းအနောက်၊ အမှတ်(၃၀၆)နေ(ဦးရွှေ-ဒေါ်ပုလဲယဉ်)တို့၏သား၊ ဒေါ်ခင်ဌေး၏ အစ်ကို၊ဦးမင်းအောင် (ရေယာဉ်မှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်စိုးမြမြအေး (ကထိက၊ဓာတုဗေဒဌာန၊ဒဂုံတက္ကသိုလ်)တို့၏ဘကြီး၊ မအေးသဉ္ဇာအောင်(VIF.TTC)၊ မဝင့်သဉ္ဇာအောင်(VJ. TTC)၊ မမိုးချမ်းမြမြ(စံပြမူကြို)တို့၏ဘိုးဘိုးသည် ၁-၃-၂၀၀၄(တနင်္လာနေ့)ညနေ ၅း၁၀နာရီတွင်ကွယ်လွန်ပါ၍ ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်ဟန်
အသက်(၆၁)နှစ်
(အောင်သပြေ)

ရန်ကုန်မြို့နေ(ဦးအုံးမောင်)-ဒေါ်တင်တို့၏သား၊ (ဦးမောင်အေး-ဒေါ်ပန်းဉ)တို့၏သားသမက်၊ဒဂုံမြို့သစ်မြောက်ပိုင်း၊(၄၅)ရပ်ကွက်၊ ကျေးရေလမ်း၊ အမှတ်(၇၆၁)နေ ဒေါ်ရင်ရွှေ၏ ခင်ပွန်း၊ (ဦးချစ်ထွန်း-ဒေါ်ခင်ညွှန့်)၊ ဦးမောင်လှိုင်-ဒေါ်မှီ၊ ဦးကျော်တင့်-ဒေါ်နှင်းလှိုင်တို့၏ ညီ/မောင်၊ ဦးကျော်ဝင်း-ဒေါ်စိန်ရင်၊ ဦးကျင်ရွှေ-ဒေါ်တင်စန်း၊ ဦးသိန်းဟန်-ဒေါ်ထွေးကြည်၊ ဦးလှမြင့်-ဒေါ်ကြည်လှိုင်တို့၏ အစ်ကို၊ မောင်ကျော်သူလင်း၊ မောင်စန်းနိုင်(မြန်မာ့စီးပွားရေး ဘဏ်ခွဲ-၃)တို့၏ ဖခင် ဦးကျော်ဟန်သည် အထက်ပါနေအိမ်၌ ၁-၃-၂၀၀၄ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်တင်ငြိမ်း နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကုသပေးခဲ့ကြသော သင်္ဃန်းကျွန်းစံပြဆေးရုံကြီး ဆေးဝါးကုသဆောင်မှ ပါမောက္ခဆရာမကြီးနှင့်တကွ တာဝန်ရှိ ဆရာ၊ ဆရာမများအားလုံးအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-ဖ၀၉၂၆သည် ပျောက်ဆုံးသွားပါ၍တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဦးဇေယျာဦး
ဖုန်း-၂၄၄၉၂၅၊ ၆၈၂၁၇၄။

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ နိုင်ငံကူးလက်မှတ် အမှတ်-ဖ၀၉၆၆ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်မြင့်မြင့်စိုး
ဖုန်း-၂၄၄၉၂၅၊ ၆၈၂၁၇၄။

ဒေါ်ရင်ကြွေ (၉၄)နှစ်
(ရင်းငြိမ်ကျေးရွာ-သထုံ)

မွန်ပြည်နယ်၊ ရင်းငြိမ်ကျေးရွာတောင်ဘက်ကမ်းနေ (ဦးထွန်းမောင်-ဒေါ်နှင်းပင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊အမှတ်(၄၂၅)နေ (ဦးကျင်မောင်)-ဒေါ်ခင်လှရီတို့၏ မိခင်၊ ဦးဝင်းရွှေ(ဒိုက်ဦး သ/မ)-ဒေါ်ခင်အေးနွဲ့(MEPE-ရုံးချုပ်)၊ဦးတင်ထူး-ဒေါ်မေမေခိုင်(ဗပထရုံး၊ရန်ကင်း)၊ ဦးဝင်းထူး၊ ဦးသန်းထူး-ဒေါ်သီဂီ၊ဦးခင်ထူး(R/O)၊ ဦးဝဏ္ဏရှင်-ဒေါ်ခင်မြင့်မြင့်မော်၊ ဦးဝင်းလွင်ထူးတို့၏ အဘွား၊မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၂၉-၂-၂၀၀၄ (တနင်္ဂနွေနေ့) ည ၈း၁၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၀၄(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လေးသောင်း
အသက်(၆၈)နှစ်

မကွေးတိုင်း၊ဆင်ဖြူကျွန်းမြို့၊ ပြန့်လွင့်ရပ်နေ (ဦးညွှန့်-ဒေါ်နှင်းဆိုင်)တို့၏ သမီး၊ ဒေါ်ကျင်မေ၊ ဒေါ်ကျင်ရွှေ၊ ဒေါ်အေးကြည်တို့၏ညီမ၊ ဦးစန်းမောင်၏ အစ်မ၊ မင်္ဂလာဒုံမြို့နယ်၊ပေါက်ကုန်းရပ်ကွက်၊ အပိုင်း(၁)၊ ဇီဇဝါလမ်း၊ အမှတ်(၉)နေ ဗိုလ်ကြီးမြခင်(ငြိမ်း)၏ ဇနီး၊ ဦးသန်းအုန်း(Swift Winds Co.,Ltd)၊ ဒေါ်ဌေးဌေးမြင့်၊(မခင်မြဇင်)၊ (ဒေါ်ဌေးဌေးတင့်)၊ တကခင်မောင်ဌေး၊ ဒေါ်ဝင်းမာ၊ ဦးကိုကိုအောင်၊ ဒေါ်အေးအေးခိုင်၊ဒေါ်မာမာခင်(ကထိက ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးဇော်အောင်-ဒေါ်နီနီခင်(စလင်း)၊ ဦးဝင်းထွေး-ဒေါ်နီလာကျော်တို့၏ မိခင်၊ မြေး ၁၂ယောက်တို့၏အဘွား ဒေါ်လေးသောင်းသည် ၂၉-၂-၂၀၀၄(တနင်္ဂနွေနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၃-၂၀၀၄(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်မြင့်သိန်း (၆၂)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်နေ(ဦးအေးသင့်-ဒေါ်မယ်သာ)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှိုးကုန်းရပ်ကွက် အရှိုးကုန်းလမ်း၊ အမှတ်(၁၀၇)နေ ဦးစိန်ဝင်း၏ ဇနီး၊ ဦးပုည-ဒေါ်တင်အေးတို့၏ညီမသည် ဖြူးမြို့တွင် ၂၉-၂-၂၀၀၄ရက်၌ ကွယ်လွန်ပါ၍ ၁-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ဖြူးမြို့သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ချို (၃၅)နှစ်
B.A (Myanmar)
အကြီးတန်းစာရေး
ပို့ဆောင်ရေးဦးစီးဌာန

မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ ကန်နှောင်းကျေးရွာနေ (ဦးလှထွေး)-ဒေါ်သိန်းလှတို့၏သား၊ ဦးခင်မောင်သန်း၊ ဦးခင်မောင်လှ၊ဦးခင်မောင်ညိုတို့၏ညီ၊ ဒေါ်ခင်ဝင်း၏မောင်သည် ၁-၃-၂၀၀၄ (တနင်္လာနေ့)နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်နု(၈၂)နှစ်
(အငြိမ်းစားဆရာမ)
St.John Convent နှင့် အထက-(၂)လသာ

ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းမြို့နယ်နေ (ဦးချစ်)၏ ဇနီး၊ ဒေါ်အမာ၊ ဒေါ်တင်ဝင်းဝင်းခိုင်၊ (ဒေါ်သန်းသန်းချစ်)တို့၏ မိခင်၊ ကိုအောင်သူ-မဌေးနိုင်နိုင်၊ ကိုမိုးကျော်စွာ-မအဲလစ်ဇဘက်အဲန်ချစ်သာ၊ မနှင်းမြဦး၊ ကိုကျော်လင်းမင်း-မထားထားပါ၊ ကိုနိုင်ဦး၊ ကိုဇော်လွင်အောင်-မမေစုအောင်၊ ကိုရဲသူရသန်း-မအေးမိမိခိုင်တို့၏ အဘွား၊ မောင်အောင်ကျော်ဖြိုး၊ မသဲပြည့်မိုး၊ မောင်ကျော်ဇောဟိန်း၊ မောင်ကျော်စည်သူ၊ မောင်ထင်လင်းအောင်၊ မောင်အာကာမိုးမြတ်၊ မောင်ကောင်းမြတ်ထက်ခိုင်၊ မောင်မင်းခေါင်ကျော်စွာ၊ မအေးချမ်းလင်းလင်းမင်းတို့၏ဘွားဘွားကြီး၊ အမှတ်(၁၄၂)၊(၄၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကျင်နုသည် ၂၈-၂-၂၀၀၄ရက် ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၂-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ အမှတ်(၁၄၂)၊ (၄၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉နာရီအတွင်း ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သီမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းလွင် (၇၂)နှစ်
(ဘက်ရဲ-ကြံခင်း)

ဧရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘအေး-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးသော်-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ ဦးသောင်းရွှေ၏ဇနီး၊ ဦးခင်မောင်သောင်း-ဒေါ်ခင်စန်း၊ ဦးတိုးလွင်၊ ဗိုလ်မှူးစိုးနိုင်-ဒေါ်စောမိုမို၊ ဒေါ်သက်သက်လွင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့)တွင် ဘက်ရဲမြို့ ဘုရားရှစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးခဲ့ပြီးဖြစ်ပါ၍ ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၀၄ (စနေနေ့)နံနက် ၅နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးလှထွန်း(၅၇)နှစ်
(ကျုံမငေး)

၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသော ဦးလှထွန်း၏ဈာပနကိစ္စနှင့် ရက်လည်ဆွမ်းကျွေးကိစ္စများတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော(၁၀)မိုင်ကုန်း၊ ပဲခူးမုံလယ်တောရဓမ္မရိပ်သာယောဂီများ၊ စိန်မိုက်ကယ်ကျောင်းသားဟောင်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပုညကုသလအသင်းနာယက
သရေစည်သူဦးဘို
အသက်(၉၃)နှစ်
အငြိမ်းစား၊ရဲချုပ်

ရန်ကုန်မြို့၊ ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁-၃-၂၀၀၄ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဒေါ်အေးမြင့်
အသက်(၈၅)နှစ်
(ပျဉ်းမနား)

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊အမှတ်(၅၀)၊တတိယထပ်နေ (သခင်ဗနီ)၏ဇနီး၊ ဦးကြည်စိုး-ဒေါ်နှင်းဆီ၊ ဒေါ်စံပယ်၊ ဦးသန့်ဇင်-ဒေါ်သီတာဦး၊ (ဦးငွေစိုး)-ဒေါ်ခင်မမ၊ ဦးဇော်သိန်း-ဒေါ်မြတ်လေးနွယ်တို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ် လေးယောက်တို့၏ အဘွားသည် ၁-၃-၂၀၀၄ရက် မွန်းလွဲ၁၂း၅၀နာရီတွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၂-၃-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်ညွန့်(ခ)ဦးကုလား
အသက်(၈၂)နှစ်
(မငေးရွာ)

အမှတ်(၆၆၂)၊ စစ်ကိုင်းလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘိုးဆိုင်-ဒေါ်ပုရွှေ)တို့၏ သား၊ ဒေါ်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းဦး(လ/ထ မန်နေဂျာ၊ မဟာခံနံ့စီးပွားရေးလုပ်ငန်းစု)-ဒေါ်မြင့်မြင့်ကြည်(ကြီး/မှူး၊ ငွေစုဘဏ်ခွဲ-၁)၊ ဦးထွန်းလွင်(ပတခ၊ ဝန်ထမ်းရေးရာဌာနခွဲ)-ဒေါ်မေဇော်ဦး (ဒု-ဦးစီးမှူး၊ ပတခ) စမ်းချောင်းမြို့နယ်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဇင်မာသန့် (တ-နှစ်၊ စီးပွားရေးတက္ကသိုလ်)၊ မငြိမ်းမိုမိုအေး(ဒု-နှစ်၊ English၊ ဒဂုံတက္ကသိုလ်)၊မချစ်စုဝေ(ပ-နှစ်၊ ကုန်ထုတ်ဓာတု၊ ဒဂုံတက္ကသိုလ်)၊ မအင်ကြင်းခိုင်(VI၊အထက-၄၊တ/ဥက္ကလာ)၊ မထူးမေဇော်(II၊အမက-၃၊ တ/ဥက္ကလာ)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၉-၂-၂၀၀၄ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ရေကန်၊ရေစင်၊တံတိုင်း ဒါယိကာမကြီး
ဒေါ်ဒေါ်ဝင်း (၈၇)နှစ်

အမှတ်(၉၃၀)၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်နေ သဇင်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဦးသန်းညွန့်(တပ်မတော် ချည်မျှင်နှင့်အထည်၊သမိုင်း)-ဒေါ်ခင်ခင်စိုး (အထက-၄၊ အင်းစိန်)တို့၏ ကျေးဇူးရှင်မိခင်၊ ဦးအုန်းသန်းရတနာပုံ ရွှေဆိုင်-ဒေါ်လှလှစိုး(SAT-ငြိမ်း)တို့၏ ကြီးကြီး၊ ဦးအောင်စိုးမင်း-ဒေါ်နှင်းနှင်းအေး၊ ဒေါ်အေးအေးမင်း(အထက-၃၊ အင်းစိန်)၊ ဒေါ်သန်းသဇင်စိုး(အလက-၁၊လှိုင်)၊ မနီလာစိုးမင်း၊ မမေဇာနည်စိုး၊ သားသားတို့၏ ဘွားဘွားကြီးသည် ၂၈-၂-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြူ (၅၃)နှစ်
(သန်လျင်)

သန်လျင်မြို့၊ အမှတ်(၆)၊ ကျိုးပင်လမ်းနေ (ဦးကျော်ရင်-ဒေါ်အေးတင်)တို့၏ တစ်ဦးတည်းသောသမီး၊ ပဲခူးမြို့(ဦးတိုးဖေ-ဒေါ်ခင်မကြီး)တို့၏ သမီးချွေးမ၊ (ဦးခင်မောင်လွင်) (အကောက်ခွန်အရာရှိ-ငြိမ်း)၏ ဇနီး၊ အမှတ်(၆၄၀/က)၊ ယုဇန(၄)လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ကိုအောင်ဆန်းမင်း-မနန်းမြင့်ကြူ(Dr. Reddys Lab)တို့၏ မိခင် ဒေါ်အေးအေးကြူသည် ၂၉-၂-၂၀၀၄ (တနင်္ဂနွေနေ့)ညတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ရပ်ဝေး၊ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောပီတာဘအန်း
B.A (Geography)
အသက်(၄၉)နှစ်
ဆည်မြောင်းဦးစီးဌာန
တည်ဆောက်ရေး(၅)

ရွှေပြည်သာမြို့နယ်၊ (၆/၉)ရပ်ကွက်၊ အမှတ်(၁၈၂-က)၊ ဇော်ဂျီလမ်းနေ (ဦးစောဘိုးအန်း) - ဒေါ်ဖြူးစေတို့၏ သား၊ဦးစံရွှေဖြူ(မင်းပြားရဲစခန်း)-ဒေါ်ဘိုဘို၊ ဦးစောဘူဂေး-ဒေါ်မေလေး တို့၏ ညီ/မောင်၊ ဦးခင်အောင်-ဒေါ်တင်တင်လှ၊ ဦးတိုး-ဒေါ်မူမူအန်း(စက်မှု-၁၊ ကြေ/မြေ)၊ မဝါဝါအန်း၊ မမျိုးမျိုးအန်း၊ မောင်ဆန်းဝင်းအန်း၊ မဌေးလ်ဒါအန်း တို့၏ အစ်ကို၊ တူ၊ တူမ ၁၅ ယောက်၊ မြေးနှစ်ယောက်တို့၏ အဘိုးလေးသည် ၁-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၂း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (၇၄)နှစ်
(မုဒုံ)

မုဒုံမြို့နေ (ဦးပါတင့်-ဒေါ်စောနု)တို့၏ သမီး၊ ရန်ကုန်မြို့၊(၁၄၃/ခ)၊ ရန်နိုင်လမ်း၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်ကြီး ခင်မောင်ရွှေ)၏ ဇနီး၊ (ဦးခင်မောင်ဆွေ)-ဒေါ်မဥ္စူရွှေ၊ ဒေါက်တာအေးလွင်(ရွှေဂုံတိုင်အထူးကုဆေးခန်း)-ဒေါ်သဉ္ဇာရွှေ၊ မခင်သန္တာရွှေ၊ မခင်သီတာရွှေ တို့၏ မိခင်၊ မသုသုအောင် (2nd MB, IMI)၊ မခိုင်ခိုင်ဇင်၊ မောင်အောင်ဆွေမိုး၊ မောင်ကျော်ကျော်ဆွေတို့၏ အဘွားသည် ၁-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၎င်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်ညိမ်း
အသက် (၇၂)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ စက်စုကျေးရွာနေ (ဦးဘငွေ-ဒေါ်စိန်အုံ)တို့၏သမီး၊ (ဦးသာခင်-ဒေါ်အေးကြည်)တို့၏ ညီမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၀၉)၊ ၄ဝါလမ်းနှင့် အမှတ်(၅၅)၊ ဆင်ရေကန်လမ်းနှင့် ဘိုကလေးမြို့၊ (၅)ရပ်ကွက်၊ တတိယလမ်း၊ ရွှေကျီးမမကြီး ဆေးပေါ့လိပ်လုပ်ငန်းပိုင်ရှင် ဦးချစ်ဆွေ၏ဇနီး၊ မောင်တင်စိုး(အတိုး)-မဝင်းမြင့်၊ ဦးဝင်းမောင် (Air Mandalay)-ဒေါ်ဥမ္မာဆွေ(သိန်းသန်းကြီးစက်)၊ မောင်တိုင်းဝင်း (ကိုပေါက်ကြီး)၊ မတင်တင်ချစ်(မဘုတ်)တို့၏ မိခင်၊ မဝင်းလဲ့လဲ့ဖြူ၊ မောင်ရဲဝင်းသူ၊ မောင်စစ်ငြိမ်းလူတို့၏အမေကြီး ဒေါ်တင်ငြိမ်းသည် ၁-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်) ကျန်ရစ်သူမိသားစု။

ဦးအေးထွန်း (၆၉)နှစ်
(နတ်တလင်း)
အထက်တန်းပြဆရာ(ဟောင်း)
အထက-ရေးမြို့
ဌာနစုမန်နေဂျာ(ငြိမ်း)ကုန်သွယ်(ဆေး)

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ စီးပွား/ကူးသန်း ဝန်ထမ်းအိမ်ရာ၊ တိုက်(၄)၊ အခန်း(၁၈)နေ (ဦးဘိုးကဲ-ဒေါ်ညို)တို့၏ သား၊ (ဦးညွှန့်တင်-ဒေါ်ကျင်မှီ)တို့၏သားသမက်၊ ဒေါ်မြမြခိုင်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ကျင်မေ)၊ (ဦးကျော်ထင်)-ဒေါ်လှမြင့်၊ (ဦးထွန်းအောင်ကျော်)-ဒေါ်တင်တင်တို့၏ မောင်၊ ဦးသိန်းအောင် (ဒု-ညွှန်မှူး၊ အား/ကာ) - ဒေါ်ရီလေး၊ ဦးဆန်းတင်-ဒေါ်တင်မေဦးတို့၏အစ်ကို၊ မအေးအေးခိုင် (နှင်းနှင်းခိုင်ကုမ္ပဏီ)၊ မနှင်းနှင်းလှိုင်(MEGA Products., Ltd) တို့၏မွေးသမိခင်သည် ၁-၃-၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသီဟန်ထွန်း
အသက်(၆၀)
(အငယ်တန်းအင်ဂျင်နီယာ-၁)
ရေသန့်

မကွေးတိုင်း၊ မိကျောင်းရဲမြို့နယ်နေ (ဦးလူခင်-ဒေါ်ကျင်မြိုင်)၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၅၀)နေ ဦးမောင်မြ-ဒေါ်ကျင်စိန်တို့၏ သားသမက်၊ ကြည့်မြင်တိုင်မြို့နယ် သာခုအရှေ့ရပ်ကွက် နိဗ္ဗာန်လမ်း၊ အမှတ်(၅၂)နေ ဒေါ်ထွေးကြည်၏ ခင်ပွန်း၊ မကွေးတိုင်း၊ အောင်လံမြို့နေ ဦးဟုတ်ကြည်-ဒေါ်လှမြင့်ဌေး၏ အစ်ကို၊ ကိုအောင်ဇော်တိုး - မခင်ယုယုမြိုင်၊ ကိုရဲမင်းထွန်း-မစန်းစန်းဝင်း၊ ကိုမျိုးဝင်း-မပပထွန်းတို့၏ မွေးသဖခင်၊ မညိုလဲ့နွယ်၊ မောင်မျိုးသာခင်တို့၏အဘိုးသည် ၁-၃-၂၀၀၄(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်ပါ၍ ၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးနော်မေလီ
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၂)၊ သီရိမင်္ဂလာလမ်းနေ (ဦးစံဒွေး-ဒေါ်ဖွားမေ)တို့၏ သမီးကြီး၊ (ဒေါ်မေစီသိန်း-ဦးဝေလ်ဆင်သိန်း)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါက်တာဦးချိုမြင့်-ဒေါ်မြင့်မြင့်သိန်း၊ ဦးသန့်ဇင်-ဒေါ်ညွှန့်ညွှန့်သိန်း၊ (ဦးကျော်ကျော်)-ဒေါ်ဝင်းဝင်းသိန်း၊ ဦးကျော်ဝင်းသိန်း-ဒေါ်ဝင်းဝင်းမေ၊ ဒေါက်တာစုစုသိန်း၊ ဦးဇော်ဝင်းသိန်း- Kumiko Suzuki၊ ဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်းတို့၏ အဒေါ်၊ မြေး၁၅ယောက်တို့၏ ဘွားဘွားကြီး၊ မြစ်နှစ်ယောက်တို့၏အဘွားသည်၁-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်း၊ ပြည်လမ်းရှိ ယုဒသန်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၊ (Judson Church)တွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးလှမြင့်(ခ)ဦးဘမ်း
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေရပ်ကွက်၊အမှတ်(၂၁)၊ ပိတောက်လမ်းနေ (ဦးမောင်ရှင်-ဒေါ်တင်တင်)တို့၏ သား၊ (ဦးစောရင်-ဒေါ်ညွှန့်ဝေ)တို့၏ သားသမက်၊ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဦးဇော်မင်း(ခ)ကိုချိုကြီး (ထူးထူးဗီဒီယို)-ဒေါ်ခင်မြင့်ဇော်၊ ဦးကျော်လွင်(ခ)ကိုထူး (ကုန်သွယ်/လယ်ယာ)-ဒေါ်နန်းအေးမွန်(ကုန်သွယ်/လယ်ယာ)၊ ကိုဝင်းမင်းနိုင်-မသန်းသန်းဆွေ တို့၏ မွေးသဖခင်၊ မောင်အောင်ကိုကိုထိုက်(ပွိုင့်-တီဗွီ၊ ဗီဒီယိုပြုပြင်ရေး၊ ဖျာပုံ)၊ မောင်မျိုးညီညီဇော်၊ မောင်ထူးအောင်ချစ်၊ မသိမ့်သိမ့်သူ၊ မောင်ပြည့်ဖြိုးအောင်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၉-၂-၂၀၀၄(တနင်္ဂနွေနေ့) ည ၉း၅၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂-၃-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
ဒေါ်ကျင်ထွေး (၆၁)နှစ်
ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)

ရန်ကုန်တိုင်း၊ (၄၀)ရပ်ကွက်၊အမှတ် ၆၃၅၊ ဗိုလ်တေဇလမ်း၊ မြောက်ဒဂုံမြို့နေ (ဦးအစ်အံ-ဒေါ်စိန်မြ)တို့၏ သမီး၊ (ဦးထွေး-ဒေါ်ချော)၊ (ဦးကျင်ဝှက်)-ဒေါ်လှကြည်၊ (ဦးခွေးပု) - ဒေါ်မြသီ၊ (ဦးစွန်ဝှက်)-ဒေါ်ခင်မြ၊ ဦးညွှန့်ဆွေ-ဒေါ်မြင့်မြင့်သိန်းတို့၏ ညီမသည် ၂၉-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မမေဇွန်သိန်းလွင်
အသက်(၉)နှစ်
အလက(၁) ဒဂုံ၊ (ဒုတိယတန်း၊B)

မော်လမြိုင်မြို့နေ ဦးတရုတ်-ဒေါ်သိန်းတင်၊ (ဦးသာဒင်)-ဒေါ်မြင့်အေးတို့၏ မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၂၁)နေ ဦးသိန်းလွင် (ကောင်လေးကြီး)-ဒေါ်တင်တင်ဝင်းတို့၏ သမီးငယ်၊ မပင်စည်သိန်းလွင် (စတုတ္ထတန်း-F၊ အလက-၁၊ ဒဂုံ)၏ ညီမ၊ မမေဇွန်သိန်းလွင် (ဒုတိယတန်း၊ B၊အလက-၁၊ဒဂုံ)သည် ၁-၃-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည် (၇၈)နှစ်
ကစလ-(ငြိမ်း)
(မော်လမြိုင်၊ နန်းတော)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၈) ရပ်ကွက်၊အုတ်လှုငယ်လမ်း၊အမှတ်(၁၇၁)နေ (ဦးဘိုးဆိုင်-ဒေါ်မကြီး)တို့၏ သမီး၊ (ဦးချိန်-ဒေါ်အေးသင်)တို့၏ သမီးချွေးမ၊ (ဦးသိန်းလွင်)၏ဇနီး၊ အရာခံဗိုလ် တင်ညို (ကပစ-၁)-ဒေါ်လှညွှန့်၊ ဦးကျော်ရွှေ-ဒေါ်သန်းဌေး၊ ဦးမြနောင်-ဒေါ်အေးဝင်း (ကစလ)၊ ဒေါ်မေသက်နွယ်၊ ဦးခင်မောင်ဝင်း - ဒေါ်နန်းညိုညိုထားတို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၉-၂-၂၀၀၄ ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၂-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း
ဦးညွန့်လွင် (၇၃)နှစ်
(ထားဝယ်)

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဗိုလ်စိန်မှန်ရပ်ကွက်၊ အမှတ်(၄)၊ဗိုလ်ဥက္ကာလမ်းနေဒေါ်အေးကြည်၏ ခင်ပွန်း အသင်းဝင်အမှတ်(၃၃၁၂)သည် ၂၉-၂-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍၂-၃-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

အမှုဆောင်ကော်မတီ။

ဒေါက်တာဦးတင်ထွန်း
အသက်(၆၂)နှစ်
(ဆမ/၂၃၉၁)
ဆေးရုံအုပ်ကြီး
မုံရွာပြည်သူ့ဆေးရုံ၊ငြိမ်း
ဖောဓိတစ်ထောင်သံဃာ့ဆေးရုံ

အမှတ်(၁)၊ ကုန်သည်လမ်း၊ ပြည်မြို့နေ (ဦးထွန်းရွှေ)-ဒေါ်ခင်ထွေးတို့၏ သား၊ (ဦးလှမြင့်)-ဒေါ်သန်းရီတို့၏ သားသမက်၊ ဒေါ်နွဲ့နွဲ့ဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်မိုးမိုးထွန်း၊ ကိုရန်နိုင်ထွန်း-မလှလှဝင်း၊ ကိုကျော်လင်းသူထွန်း-မတင်ဆွေအေး၊ ကိုတင်မိုးလွင်-မအိအိထွန်း၊ဗိုလ်ကြီးမျိုးသူရိန်-ဗိုလ်ခင်မိုးသူထွန်း၊ ကိုကျော်မိုးဆွေ-မငယ်ငယ်ထွန်းတို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁-၃-၂၀၀၄ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းထွန်းရှိန် (၄၃)နှစ်
B.Sc (Chemistry)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၇၉)နေ ဦးဘသွင် (သတင်းတပ်ဖွဲ့၊ ငြိမ်း)-(ဒေါ်ရင်မြ)တို့၏ သားကြီး၊ ရေစကြိုမြို့၊ စစ်ကိုင်းမြို့နေ(ဦးဘသောင်း)-ဒေါ်ခင်ခင်တို့၏ သားသမက်၊ ဦးမိုးကျော်သွင်-ဒေါ်သန်းသန်းနိုင်၊ ဦးသန်းနိုင်(Bosun, Uniteam Co.,)-ဒေါ်မေအေးသွင်(လ/ထ ကထိက၊ ရုက္ခဗေဒဌာန၊ ရန်ကုန် တက္ကသိုလ်)၊ ဦးဖေဆန်းသွင်တို့၏ အစ်ကို၊ ဒေါ်ငယ်ငယ်ခိုင်(ကထိက၊ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်၊မန္တလေး)၏ခင်ပွန်း၊ မောင်မြတ်ခိုင်(V-A အထက-၁၊ စစ်ကိုင်း)၏ ဖခင်၊ မောင်ဆက်သီဟနိုင်၊ မဖူးပွင့်တို့၏ ဘဘကြီးသည် ၂၈-၂-၂၀၀၄ ရက် ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၃-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အက်စတာ(ခ)မလှစိန်
အသက်(၄၂)နှစ်
(မတ္တာပ်တောင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းနှင့် ငြိမ်းချမ်းရေးရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်(၁၃)နေ ဦးနေဝင်း-ဒေါ်ရွှေကြည်(မတ္တာပ်တောင်)၊ သံတောင်မြို့နယ်၏သမီးကြီး၊ ဦးသန်းတင်၏ ဇနီး၊ မောင်ကျော်ခေါင်တင်ဝင်း၊ မောင်ပြည့်ဖြိုးတင်တို့၏မိခင်သည်၁-၃-၂၀၀၄(တနင်္လာနေ့) နံနက် ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၃-၂၀၀၄ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် စိန့်ထရေဇာဘုရားကျောင်း (အလုံ)မှ ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ယခုအခါ ဘုတ်ပြင်းမြို့သည် မြို့အင်္ဂါရပ်များနှင့်ညီညွတ်သည့်မြို့အဖြစ် ပြောင်းလဲဖြစ်ပေါ်လာ ကားလမ်းအပြင် ရေယာဉ်နှင့်လေယာဉ်ခရီးများ အဆင်ပြေအောင် တိုးချဲ့ဖြည့်ဆည်းပေးထား ရေမြေရာသီဥတုကောင်းမွန်သဖြင့် ဒေသဖူလုံရေးနှင့် စီးပွားဖွံ့ဖြိုးရေးအောင်မြင်အောင် ဆောင်ရွက်နိုင်

ကြံရည်ဖန်ရည်ရှိရှိ၊ ဝီရိယရှိရှိဖြင့် သဘာဝသယံဇာတများကို အပြည့်အဝ အသုံးချလုပ်ကိုင်

ရန်ကုန် မတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘုတ်ပြင်းမြို့နယ်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏

လမ်းညွှန်အမှာစကားမှ ကောက်နုတ်ချက်

☆ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ဖိဖိစီးစီး ထိထိရောက်ရောက် လုပ်ကိုင်ပေး၊

☆ နိုင်ငံ့ဝန်ထမ်းများ ဒေသခံပြည်သူများနှင့် တစ်သားတည်း ပူးပေါင်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်အကောင်ထည်ဖော်၊

☆ နယ်မြေလုံခြုံအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ခိုင်ခိုင်မာမာတည်ဆောက်၊

☆ ပလပ်ထားသော လယ်မြေများကို အပြည့်အဝ ဖော်ထုတ်စိုက်ပျိုးခြင်းဖြင့် ဒေသဆန်ဖူလုံရေး ဆောင်ရွက်၊

☆ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးပြီး မြို့နယ်၏ စီးပွားရေးကိုမြှင့်တင်၊

☆ သဘာဝကပေးအပ်ထားသည့် အခြေအနေကောင်းကို အပြည့်အဝအသုံးချနိုင်ရန် ထထကြွကြွ ကြိုးကြိုးစားစား၊ အမြင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး